
www.burmeseclassic.com

# ပဒိဓာ ၂



## တစ္ဆေခြောက်တဲ့ကုတင်ကြီး

ပန်းချီမြင့်

စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

# တစ္ဆေခြောက်တဲ့ခုတင်ကြီး

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)<br>(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)<br>(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊<br>၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်<br>၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊<br>ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄ |

၈၉၅–၈၃

မအိုစာ

တစ္ဆေခြောက်တဲ့ခုတင်ကြီး/မအိုစာ–ရန်ကုန် ။

ရဲအောင်စာပေ၊ ၂၀၁၅

၁၅၂ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊

(၁) တစ္ဆေခြောက်တဲ့ခုတင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏပျံစံအိမ်

၉။ ခုတင်နံ့ပါတ် ၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

၁၂။ မာတင်

၁၃။ ဘီလူးနက္ခတ်

၁၄။ မိုးကြိုးအလောင်း

၁၅။ နှစ်ဘဝရွှေသိုက်

၁၆။ မိုးနတ်ဒေဝီ

၁၇။ ကျိန်

၁၈။ မရဏာစာရွက်

၁၉။ မိစ္ဆာအိုး

၂၀။ လေးကျွန်းမှော်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အခေါင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ ...ည
၃၉။ ချစ်တီးတိုက်
၄၀။ သင်္ချိုင်းကုန်းက ...ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ
၄၂။ ကျောက်ကြီးမောင်နှမ
၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော
၄၄။ ခတ်ဆေး
၄၅။ မှင်စာငိုသံ

ယခု

**တစ္ဆေခြောက်တဲ့ခုတင်ကြီး**

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# တစ္ဆေခြောက်တဲ့ခုတင်ကြီး

## မဒိုတာ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# မကျီးကန်းရွာလေးရဲ့ ရွာဦးဘုန်းတော်ကြီး

ကျောင်းဝယ် ကျောင်းထိုင်ဆရာတော်ကြီးဟာ ကွမ်းယာကို ဝါးငုံ ရင်း –

"အိမ်း ... ဒီလိုရှိတယ် ဒကာဖိုးအောင်ရဲ့၊

လာမယ့်သောကြာနေ့ဟာ နေ့ကောင်းဖြစ်သလို



အဲဒီနေ့ရဲ့ မနက်ကိုးနာရီကနေ ဆယ့်တစ်နာရီအထိက

အချိန်ကောင်း အခါကောင်းပဲကွဲ့၊

ဒါကြောင့် ... ဒကာဖိုးအောင်ရဲ့သားကို

ကိုရင်ပြု၊ သင်္ကန်းစီးဖို့ဟာ

ထိုနေ့မှသာ ဖြစ်သင့်ပါတယ်"

လို့ မိန့်ကြားလိုက်တဲ့အခါ ဆရာတော်ရှေ့ လက်အုပ်ချီ

ထိုင်နေတဲ့ ဦးဖိုးအောင်က ...

"မှန်လှပါ ဘုရား ... တပည့်တော်ကတော့

အမြန်ဆုံး ကိုရင် ဝတ်ပေးချင်တာပဲ

သိပါတယ် ဘုရား၊

ဘာကြောင့်လဲဆိုတော့ ....

ဆရာတော်ဘုရားရဲ့အရိပ်အောက်နေမှ

ရတော့မှာပါ၊

သားဖြစ်သူ မောင်ချစ်အောင်ဟာ

တပည့်တော် ထိန်းမနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေလို့ပါ ဘုရား၊

တစ်နေ့ကလည်း ငှက်ပစ်ထွက်ရင်း

လောက်စာလုံးက ငှက်မထိဘဲ

ထင်းခုတ်ပြန်လာတဲ့ သစ်ခုတ်သမားကို

ထိမှန်ခဲ့လို့ တပည့်တော် ဆေးဖိုးဝါးခ

အတော်လေး ကုန်ခဲ့ရပါတယ် ဘုရား၊

ဆရာတော်ဘုရားရဲ့ ဆုံးမမှုအောက် နေထိုင်မှ

ဒီကလေး ရမှာပါ ဘုရား”

လို့ လျှောက်တင်လိုက်တယ်။

ဆရာတော်ကြီးက ခေါင်းဆတ်ဆတ်ညိတ်ပြီး –

“ဒကာလေးမောင်ချစ်အောင်က

ဆယ့်လေးနှစ်အရွယ်ပဲ ရှိသေးတာ

မဟုတ်လားကွဲ့၊

အိမ်း … ဒီအရွယ်ဆိုတာကတော့

ဆော့ကစားခြင်းနဲ့ အစားအသောက်သာ



မက်လိမ့်မပေါ့၊

ကဲပါလေ …

မောင်ချစ်အောင်လေး လိမ္မာရေးခြားရှိဖို့

ဘုန်းကြီး တာဝန်ယူပါတယ်၊

ဒကာကြီးဖိုးအောင်သာ ကိုရင်လောင်းအတွက်

စီစဉ်စရာတွေ စီစဉ်ပါလေ”

လို့ မိန့်တော်မူလိုက်တယ်။

ထိုအချိန်မှာပဲ …

ကျောင်းပေါ်သို့ လူတစ်ဦးရောက်လာပြီး ဆရာတော်ကြီးကို ဝတ်ပြုလိုက်တယ်။

“ဘာအကြောင်းများလဲ ဒကာသာလှရဲ့ …

ဆိုစမ်းပါဦး”

“ဒီလိုပါ ဘုရား …

တောင်ပိုင်းက သူဌေးကြီးဦးဖိုးမှန်

ဆုံးပါးသွားပါပြီ ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်ကြီးနဲ့မိသားစုတွေဟာ

ရုတ်တရက် သေဆုံးတဲ့ သူဌေးကြီးကြောင့်

ရင်ထုမနာဖြစ်ပြီး ငိုကြွေးမဆုံး

ရှိနေကြပါတယ် ဘုရား၊

ဒါကြောင့် ... ကျန်ရစ်သူမိသားစုကို

တရားသဘော နှလုံးမူဖို့

ဆရာတော်ဘုရားကို လာရောက်

ပင့်ဆောင်ရခြင်းပါ ဘုရား"

သာလှရဲ့စကားကြောင့် ဆရာတော်ကြီးက သက်ပြင်းချ လိုက်တယ်။

"ဩော် ... ကျောင်းဒကာကြီးဖိုးမှန်တောင်

မနေ့ကမြင်ပြီး ... ဒီနေ့ ကွယ်ပျောက်သွားပြီကိုး၊

ဘုန်းကြီးဖြင့် တယ်ပြီး စိတ်မကောင်းလှပေဘူး၊

ကဲ ... ကဲ ... ဒကာကြီးဖိုးအောင်လည်း

ပြန်ပေဦးကွဲ့၊



ဘုန်းကြီးလည်း နာရေးအိမ်ကို ကြွရမကွဲ့"

ဆရာတော်ကြီးက ထိုသို့ပြောပြီး ထိုင်ရက ထ,ရင်း သင်္ကန်းကို ပြင်ဝတ်လိုက်တယ်။

ဦးဖိုးအောင်လည်း သားဖြစ်သူ ကိုရင်ပြုမယ့်အရေး ကြောင့် ဆရာတော်ကို ဦးချရင်း ရွာဦးကျောင်းကနေ ထွက်သွား ခဲ့တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**မကျိုးပင်တွေ** စိုရှိနေတဲ့ မြေနီလမ်းမထက် ...
လေးတစ်အုပ်ဟာ ဆူညံစွာ အော်ဟစ်ဆော့ကစားနေကြ ယ်။

၎င်းတို့ဟာ ဝါးခြမ်းပြားနဲ့ ပြုလုပ်ထားတဲ့ လက်လုပ် တ်ကိုယ်စီနဲ့ စစ်တိုက်တမ်း ကစားနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဟော့ကောင် သံလုံး ... ငါပစ်လိုက်တာ

မင်းထိသွားပြီလေကွာ၊

ဘာလို့ မြေကြီးပေါ်လှဲပြီး

'အား'လို့ မအော်တာလဲ၊

မြေကြီးပေါ် လှဲလိုက်စမ်းကွ"

"ဘာလို့လှဲရမှာလဲကွ၊

မင်းပစ်တာ ငါ့မထိဘူး၊

ငါ ဒီမှာ ပုန်းနေတာပဲ ...

လုံးဝ မထိဘူးကွ"

သံလုံးဆိုတဲ့ကလေးရဲ့အပြောကြောင့် အသားဖြူဖြူ ကောင်လေးဟာ မျက်နှာတင်းသွားတယ်။

သံလုံးရဲ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်ရင်း –

"မင်း ... ဘာစကားပြောတာလဲ၊

မင်းပုန်းနေတဲ့ ချုံပုတ်ကိုလည်း



ကြည့်ဦး၊

ချုံပုတ်သေးသေးလေးမှာ ပုန်းနေတဲ့ဟာ၊

မင်းကိုယ်တစ်ခြမ်းလုံး မြင်နေရလို့

ငါ ပစ်တာပေါ့ကွ၊

မင်း ... ငါပစ်တာ မှန်သွားပြီ၊

သေလိုက်တော့ ဟော့ကောင်"

သံလုံးကလည်း မှုန်ကုပ်ကုပ်ဟန်နဲ့ ပြန်ကြည့်ရင်း ...

"လုံးဝ မသေနိုင်ဘူးကွာ၊

မင်း ဘာဖြစ်ချင်လဲ ဟော့ကောင်"

လို့ ပြန်ပြောလိုက်တဲ့အခါ ...

"အေး ... ဒါ ဖြစ်ချင်တယ်ကွာ"

"ခွပ်"

"အား"

"ဟာ ... ငအောင် မလုပ်နဲ့ကွ၊

မင်းတို့က ဆော့တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ပဲဖြစ်နေကြတယ်”

ကလေးတစ်အုပ်ဟာ စုပြုံသွားပြီး စကားတွေ ပွက်လောရိုက်သွားတယ်။

သံလုံးက လဲနေရာက ထလိုက်ရင် ...

“ဒီမယ် ငအောင် ... မင်းကြောင့်

ငါ နှုတ်ခမ်းကွဲသွားပြီ၊

မင်းကို ဘကြီးဖိုးအောင်နဲ့ တိုင်ပြောမယ်၊

လုံးဝ မကျေနပ်ဘူးကွ”

လို့ ကြုံးဝါးရင်း ပြေးထွက်သွားတယ်။

ဖိုးအောင်က သူငယ်ချင်းတွေ ဆွဲထားရာက ရုန်းကန်ရင်း ...

“လွှတ်ကြစမ်းပါကွ ... ဒီကောင်သံလုံး

ကစားတိုင်း လူလည်ကျနေတာ၊

ဒင်းကများ ငါ့ တိုင်ဦးမယ်၊

ဟောကောင်သံ လုံး ... ဒီနေ့



မင်း ငါ့အဘတိုင်ပြီးရင် ...

မနက်ဖြန် ... မင်းခေါင်းကွဲဖို့

ပြင်ထားကွ၊

ချစ်အောင်တို့က ဘယ်သူ့မှ

သောက်ဂရုမစိုက်ဘူးကွ ... တောက်”

လို့ ကြိမ်းမောင်းလိုက်တော့တယ်။

ကျန်ကလေးတွေဟာ ၎င်းတို့ရန်ပွဲကြောင့် ဆက်မကစားတော့ဘဲ ပြန်သွားကြတယ်။

မြေနီလမ်းမထက် ချစ်အောင်နဲ့ ငယ်သူငယ်ချင်း အရင်းကြီးဖြစ်တဲ့ သာထူးနှစ်ယောက်သာ ကျန်ရစ်ခဲ့တယ်။

သာထူးက ကျောက်တုံးကြီးတစ်ခုပေါ် ထိုင်ချလိုက်ပြီး...

“မင်းကလဲကွာ ... မကြာခင်

ကိုရင်ဝတ်ရတော့မယ့်ဟာကို

ဘာလို့ ရန်ဖြစ်ရတာလဲကွ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းအဘသိရင် ဆော်ပလော်တီးခံရမယ်ကွ”

လို့ ပြောလိုက်တဲ့အခါ ချစ်အောင်က စိတ်ရှုပ်ထွေးဟန်နဲ့ ခေါင်းကုပ်ဖွလိုက်တယ်။

“ငါ ကိုရင်မဝတ်ချင်ဘူး ထူးရာ၊

ကိုရင်ဝတ်ရင် ညစာ မစားရဘူးတဲ့၊

ပြီးတော့ ... ထမင်းစားရင်လည်း

ဆွမ်းခံလို့ရတဲ့ဟာတွေအားလုံးကို

ရောနယ်ဖတ်ပြီး စားရတာတဲ့ကွ၊

ငါက ထမင်းစားရင် အသားဟင်းပဲ

စားတတ်တာ မင်းအသိပဲ၊

အရွက်ကြော်တွေဆို လုံးဝမကြိုက်ဘူးကွ၊

ငါ စိတ်ညစ်တယ်ကွာ”

“အေးကွ ... ဒါတော့ ဟုတ်တယ်ကွ၊

ငါ့ကိုလည်း ကပ္ပိယကြီးက ပြောဖူးတယ်၊

သင်္ကန်းစီးတဲ့အခါ ရိုးရိုးလူတွေလို



မနေရဘူးတဲ့၊

ကိုယ်က မြင့်မြတ်တဲ့ဘုရားရဲ့သားတော်

ဖြစ်သွားတဲ့အတွက် အနေအထိုင်၊

အပြောအဆိုအားလုံး ပြောင်းလဲရမှာတဲ့၊

ဆော့လို့လည်း မရဘူးကွ၊

အိပ်ရင်လည်း ဖျာပေါ်မှာပဲ အိပ်ရတာကွ”

“ဟာ: ဟာ: ... မင်းလို သူဌေးသားပေါက်စ

အတွက်တော့ အကြီးကြီးတွေ့ပြီပဲပေါ့၊

မင်းက ဖီဇာသိပ်ကြောင်တဲ့ကောင်၊

အိပ်ရင်လည်း လဲမို့မွေ့ရာနဲ့မှ

အိပ်တတ်တဲ့ကောင်၊

ဟင်းဆိုလည်း ချေးများသေး၊

ပြီးတော့ ... ရှီးစမိုးကလည်း ...

လူကြီးတွေလို ဂိုက်ပေးချင်တဲ့ကောင်၊

အေးပေါ့ကွာ ... မင်းက ရွာမှာ

www.burmeseclassic.com

www.burmeseclassic.com



လူလတ်တန်းစားသူဌေးတစ်ဦးရဲ့

တစ်ဦးတည်းသောသားဆိုတော့ ...

မင်းဘဝနဲ့ မင်းကတော့

ဟုတ်နေတာပဲကွ၊

ငါက မိဘမဲ့အမျိုးမဲ့ကောင်၊

မင်းအဖေက သနားပြီး အိမ်ခေါ်ထားတဲ့

လက်တိုလက်တောင်း ခိုင်းခံ၊

ငါ့ဘဝကတော့ ... ဟဲ ဟဲ ဟဲ ...

သက်နှင်းစီးရမှ ဖိမ်ကျရမှာကွ၊

ဆွမ်းခံထွက်လိုက်၊ စားလိုက်၊

အိပ်လိုက်ပေါ့၊

နွားစာလည်း မစဉ်းရတော့ဘူး၊

ထင်းလည်း မပေါက်ရတော့ဘူး၊

လက်တိုလက်တောင်းကိစ္စတွေလည်း ...

မလုပ်ရတော့ဘူးလေ၊



မင်းနဲ့အတူ သက်နှင်းစီးခွင့်ပေးတဲ့

မင်းအဖေကိုတောင် ကျေးဇူးတင်သေးကွ၊

ဖြစ်နိုင်ရင် ... ကိုရင်ပဲ

ဝတ်နေရရင် ကောင်းမယ်ကွ၊

ကဲပါကွာ ... နေစောင်းတော့မယ်ကွ ...

ပြန်ကြရအောင်ကွာ၊

မိုက်လည်း ဆာနေပြီ”

သာထူးက ထိုင်ရာက ထ,ရင်း ချစ်အောင်ရဲ့ပခုံးကို တော်လိုက်တယ်။

ပြီးတော့ ... နှစ်ယောက်သား မကျည်းပင်တန်းတွေအောက် ဖြတ်လျှောက်ရင်း အိမ်ပြန်ခဲ့ကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

မကျည်းကန်းရွာလေးရဲ့ ညချမ်းကို စူးစူးဝါးဝါး ဆော်ဟစ်သံကြီးက ဖုံးလွှမ်းသွားတယ်။

အသံက ရွာလယ်ပိုင်းရှိ လယ်ပိုင်ရှင်ဦးဖိုးအောင်ရဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆီမှ ...

မောင်ချစ်အောင်တစ်ယောက် အိမ်အောက်ရှိ တိုင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရင်း အော်ဟစ်ငိုယိုနေသလို ဖခင်ဖြစ်သူရဲ့ အညာကြိမ်လုံး ရိုက်ချက်က သူ့ကျောပေါ် တဖုန်းဖုန်းကျနေရှာတယ်။

"ဖအေကို အမြဲ ဒုက္ခပေးတဲ့အကောင်၊
ဒီရွာမှာ ငါ လယ်ရှင်ကွ ... လယ်ရှင်၊
မင်းကြောင့် မင်းသောက်သုံးမကျလို့
ငါ ဘာမဟုတ်တဲ့ အကြော်သည်မကိုပါ
တောင်းပန်ရတာ၊
လူကြည့်တော့ လက်တောက်လောက်၊
မင်းကြောင့် ဒီရွာမှာ ငါ
မတောင်းပန်ဖူးတဲ့လူ မရှိတော့ဘူးကွ၊
တိုင်ကို သေချာဖက်ထားစမ်း၊
ကျောကွဲဖို့ ပြင်ပေတော့"

ဦးဖိုးအောင်က နီရဲနေတဲ့မျက်နှာကြီးနဲ့ ကြိမ်လုံးကို လွှဲရိုက်ချလိုက်တယ်။

"အောင်မယ်လေးဗျ ... ကြောက်ပါပြီ အဘရဲ့၊



ကျုပ် နောက် ... ရန်မဖြစ်တော့ပါဘူးဗျ၊
အီး ... ဟီး ... ဟီး ... အီး ...
ခုလည်း ... ကျုပ် မလွန်ဘူးဗျ၊
ဟိုကောင်သုံးလုံး ညစ်လို့ဖြစ်ရတာပါ
အဘရဲ့၊
ကျုပ်ကို မရိုက်ပါနဲ့တော့ဗျ ...
ဟီး ဟီး"

မောင်ချစ်အောင်က မျက်ရည်ဘူးသီးလောက်ကျရင်း အော်ဟစ်ငိုယိုနေပြန်တယ်။

"ဘာကွ ... ထစ်ခနဲရှိ လက်ပါရအောင်
မင်းက လူမိုက်လားကွ၊
လူမိုက်လုပ်ချင်တဲ့ကောင်
မင်းနဲ့တန်တာ ကြိမ်လုံးပဲကွ၊
ရိုက်ရလွန်းလို့ ကျိုးတဲ့ကြိမ်လုံးလည်း
မနည်းတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ... ထပ်ပြီး ပြဿနာ

ရှာရဲ့ရှာကြည့်စမ်းကွ၊

မင်းကို လိပ်ကျောက်မြီးနဲ့ကို ဆုံးမပစ်မယ်"

ဦးဖိုးအောင်က ထိုသို့ ကြိမ်းမောင်းရင်း ဒေါသတကြီး ရိုက်နှက်ပြန်တယ်။

အော်ဟစ်ငိုယိုသံ၊ ရိုက်နှက်သံတွေကြောင့် ... အကြား မတော်တဲ့ အိမ်နီးချင်းတွေဟာ ကျေးရွာလူကြီးဆီသွားပြီး အကူအညီတောင်းကြတော့တယ်။

သူတို့ကိုယ်တိုင် လယ်ပိုင်ရှင်ဦးဖိုးအောင်ကို ဆရာလုပ် ဝင်ဆွဲရဲသူများ မဟုတ်ကြချေ။

အိမ်နီးချင်းတွေရဲ့ ခေါ်ယူမှုကြောင့် ရွာလူကြီးရောက် လာပြီး ဦးဖိုးအောင်ကို တားဆီးတော့တယ်။

"ရွာလူကြီး မသိလို့ဗျ၊

ဒီကောင်ကြောင့် ကျုပ်

အရှက်ကွဲပေါင်း များလှပြီ၊



ကျုပ် ဒင်းကို ဘယ်လိုဆုံးမ,ဆုံးမ

လုံးဝ မရဘူးဗျ၊

တိရစ္ဆာန်လောက်တောင် အမှတ်မရှိတဲ့ကောင်၊

ရိုက်ပြီးခဏပဲ ... နောက်ရက်ကျ

ဒုံရင်းက ဒုံရင်းပဲဗျ ...

တောက်"

ရွာလူကြီးက ဒေါသသိပ်ထွက်နေတဲ့ဦးဖိုးအောင်ကြောင့် မောင်ချစ်အောင်ကို သောအိမ်ခေါ်သွားစေတယ်။

ပြီးမှ ...

"မောင်ချစ်အောင်ဆိုးတယ်ဆိုတာ ငါတို့

သိပါတယ် ဖိုးအောင်ရာ၊

ဒါပေမဲ့ ... ကလေးက

မကြာခင် ကိုရင်စီးရတော့မယ်လေ၊

မင်းရဲ့ဒေါသကို ထိန်းစမ်းပါကွာ၊

ကိုရင်စီးလို့ ဆရာတော့်ကျောင်းရောက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်အောင်ဟာ လိမ္မာသွားမှာပါကွာ၊

ခုနေ ... မင်း ရိုက်နှက်ဆုံးမလည်း

လက်နာပြီး ဒေါသကြောင့်

သွေးတိုးရုံပဲရှိမှာပေါ့ကွ၊

ကဲ ကဲ ... အကြမ်းရည်လေးသောက်ပြီး

စိတ်ကို လျှော့ချလိုက်ကွာ"

ကျေးရွာလူကြီးက ဦးဖိုးအောင်ကို ဖျောင်းဖျစကားဆိုလိုက်တယ်။

ဦးဖိုးအောင်ဟာ ရွာလူကြီးရဲ့စကားကို မလွန်ဆန်ဝံ့တာကြောင့် မျက်နှာကြောမပြေတဲ့မျက်နှာကြီးနဲ့ အကြမ်းရည်ခွက်ကို မော့ချလိုက်တယ်။

"ဒါနဲ့ ... မင်းသား ကိုရင်စီးဖို့

ပြင်ဆင်ပြီးပြီလားကွ"

ရွာလူကြီးက သူ့ဒေါသပြေစေဖို့အတွက် စကားလွှဲပြောလိုက်တယ်။



"ဆရာတော့်ကိုတော့ လျှောက်ပြီးပြီ၊

လာမယ့်သောကြာနေ့ သင်္ကန်းစီးမှာဗျ၊

ပရိက္ခရာတွေကိုတော့ မှာထားပြီးပြီလေ"

ရွာလူကြီးကပါ အကြမ်းရည်တစ်ခွက်ငှဲ့သောက်ရင်း–

"လိုတဲ့အကူအညီရှိလည်း ပြောကွာ၊

ကျွေးမွေးဖို့ရော စီစဉ်ပြီးပြီလားကွ၊

ကာလသားခေါင်းကိုရော

ပြောပြီးပြီလား"

လို့ ထပ်မေးလိုက်ပြန်တယ်။

"ကိုတင်ဝင်းရာ ...

ခင်ဗျားလည်း ကျုပ်အကြောင်း သိရဲ့နဲ့၊

ကျုပ်က အလှူလုပ်ရင်

ဓာမရဲ့တတ်ဘူးဗျ၊

လိုရင်းကိုပဲ အဓိက လုပ်တတ်တယ်၊

ဒါကြောင့်လည်း ...

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သားကို ရှင်လောင်းတွေ့

ဘာတွေ မလှည့်ဘဲ

တစ်ခါတည်း ကိုရင်စီးပေးတာဗျ၊

အဲဒီနေ့ကျရင် ... ရွာဦးကျောင်းမှာ

နေ့ဆွမ်းကပ်မယ်၊

လာတဲ့လူတွေကိုလည်း ဝက်သားနီချက်နဲ့

ဧည့်ခံမယ်ဗျ၊

အားလုံး ကျုပ်စီစဉ်ပြီးသွားပြီ”

“ကောင်းပါပြီဗျာ၊

ကဲ ... ဖိုးအောင် ...

ငါလည်း ဘုရားဝတ်ပြုချိန်ရောက်နေလို့

ပြန်ဦးမယ်ဟေ၊

မင်းလည်း ကလေးကို ဆူပူမနေနဲ့တော့”

ကျေးရွာလူကြီး ဦးတင်ဝင်းက ထိုသို့ပြောပြီး ထပြန်သွားတယ်။



ဦးဖိုးအောင်လည်း ထိုညက စောစီးစွာပဲ အိပ်ရာဝင်ခဲ့တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

ဲ... ဒေါင် ဝေ ဝေ ...

ဆိုတဲ့ ကြေးစည်သံနဲ့အတူ အလောင်းတင်ရိပ်ဖြူထမ်းစင်ကြီး နဲ့ လူတန်းရှည်ကြီးက ရွာနောက်ပိုင်းဘက် တရွေ့ရွေ့ သွားနေကြတယ်။

ငှက်ပစ်ဖို့အတွက် လေးခွကိုယ်စီနဲ့ ထွက်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်အောင်နဲ့ သာထူးဟာ အသုဘပို့ခြင်းကို ရပ်ကြည့်နေလိုက်ကြတယ်။

"ဟော့ကောင် သာထူး ... အဲဒါ

ဘယ်သူ့အသုဘလဲကွ"

ချစ်အောင်ရဲ့အမေးကို သာထူးက အံ့အားသင့်ဟန်နဲ့...

"ဟင် ... မင်း ဒါတောင် မသိဘူးလား၊

အဲဒါ ကျောင်းဒကာကြီးဦးဖိုးမှန်ရဲ့

နာရေးကွ၊

ရုတ်တရက်ကြီးသေသွားလို့ သူ့သတင်းက

တစ်ရွာလုံး ပြောနေကြတာ ချစ်အောင်ရ"

ချစ်အောင်က လောက်လေးခွကို တောင်ရှယ် မြောက်ရှယ် လုပ်ရင်းက ...

"ဟုတ်လား ... ငါလည်း အဘရဲ့

အဆော်ခံရပြီး အိပ်ရာထဲ မှောက်နေတာနဲ့



မသိလိုက်ဘူးကွ၊ သန့်သန့်မာမာကြီးနဲ့သေတာ

သနားပါတယ်ကွနော်"

ဟု ပြောရင်း လောက်စာလုံးနဲ့ ချိန်လွှဲပစ်လိုက်တယ်။

ချစ်အောင်ပစ်လိုက်တဲ့ လောက်စာလုံးက ရိုပ်ဖြူထမ်းစင်ကြီးကို ထိမှန်သွားတယ်။

"ဟာ ... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊

ဟိုမှာ မသာကို မှန်သွားပြီကွ၊

မင်းတော့ ပြဿနာပဲ"

ထိုအချိန် ...

ရိုပ်ဖြူထမ်းစင်ကြီးကို ထမ်းထားတဲ့ ရွာသားတွေဟာ 'ဒေါက်ခနဲ' အသံကြောင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြသလို ခြေလှမ်းတုံ့သွားကြတယ်။

ပြီးတော့ ...

ထိုလူတွေက အလောင်းကိုတစ်လှည့် ပတ်ဝန်းကျင်ကိုတစ်လှည့် ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးရီးသာလှတို့ ကြည့်နေပြီကွ၊

လာ ... လာ ... ငါတို့ အမြန်လစ်မှဖြစ်မယ်၊

မင်း လက်သရမ်းမှန်းသိလို့

ဘကြီးကို သွားတိုင်ရင်

မင်းပဲ ဗျောတီးခံရမှာကွ"

သာထူးက ထိုသို့ပြောရင်း ချစ်အောင်ရဲ့လက်ကို အမြန်

ဆွဲပြီး အပြေးတစ်ပိုင်း ခေါ်သွားတယ်။

"မင်းကွာ ... မသာကိုမှ ဝွနဲ့ပစ်ရသလား၊

မင်းကို မသာက မကျေနပ်လို့

ခြောက်ရင် ဘယ်လိုလုပ်မလဲကွ၊

မင်း မကြောက်ဘူးလားဟင်"

သာထူးရဲ့အမေးကြောင့် ချစ်အောင်တစ်ယောက် ခေါ

လှမ်းရုပ်ပြီး မျက်နှာငယ်သွားတယ်။

"မသာက မကျေနပ်ရင် ခြောက်တတ်တယ်လား၊

ငါက ဘာရယ်မဟုတ်ဘူးကွ ... ဒီအတိုင်း



ပစ်လိုက်မိတာ၊ ငါ ကြောက်တယ်ကွ၊

ငါ့ကိုခြောက်ရင် ဒုက္ခပါပဲကွာ"

"လုပ်တုန်းက လုပ်ပြီး ...

ခုမှ ကြောက်နေပြန်ပြီ၊

အင်း ... ငါ့အထင်တော့ မင်း

မသာကြီးဦးဖိုးမှန်ကို

ပြန်တောင်းပန်သင့်တယ်ကွ"

"ဘယ်လို ... တောင်းပန်ရမယ်

ဟုတ်လား၊

ဦးလေးဖိုးမှန်ကြီးက မသာဖြစ်နေပြီလေကွာ၊

ငါ ဘယ်လိုလုပ် တောင်းပန်လို့ရမှာလဲကွ၊

မင်းကလဲ"

သာထူးက မျက်မှောင်ကုပ်စဉ်းစားဟန်နဲ့ –

"အေး ... ငါ ဒီလိုတွေးမိတယ်ကွ၊

ညကျရင် ... ငါတို့ သင်္ချိုင်းကုန်း

www.burmeseclassic.com

www.burmeseclassic.com



သွားကြမယ်၊ ပြီးရင် ...

မင်းက ဦးဖိုးမှန်ရဲ့မြေပုံမှာ

တောင်းပန်လိုက်ကွာ"

လို့ ပြောလိုက်တဲ့အခါ ချစ်အောင်ဟာ မျက်လုံးပြူးသွားတယ်။

"ဘာ ... ငါ ... ငါက ...

သင်္ချိုင်းကုန်းကို ညဘက်ကြီးသွားရမယ်

ဟုတ်လား၊

ဟင့်အင်းကွာ ... ငါကြောက်တယ်၊

မဖြစ်ဘူး ... မဖြစ်ဘူး၊

အခုပဲ အသုဘပို့တဲ့လူတွေနဲ့လိုက်ပြီး

တောင်းပန်လိုက်မယ်ကွာနော်"

ချစ်အောင်ရဲ့ ကြောက်အားတကြီး ငြင်းဆန်မှုကြောင့်

"အာ ... မင်းကလည်း ...

အခု သွားတောင်းပန်ရင် မသာကို



လေးခွနဲ့ပစ်မှုနဲ့ မင်းအဘဆီ တိုင်ကြမှာပေါ့ကွ၊

သင်္ချိုင်းဆိုတာ မင်းကို ဘာအန္တရာယ်မှ

မပြုနိုင်ဘူး၊ မင်းအဘဆော်မှ

ကျောကော့အောင် ခံရမှာကွ၊

ငါလည်း ပါမှာပါကွ ... မကြောက်စမ်းပါနဲ့၊

အေး ... ကြောက်ရင်လည်း မသွားနဲ့ပေါ့ဗျာ၊

ကျောင်းဒကာကြီး ခြောက်တာပဲ ခံလိုက်တော့"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

**လရောင်** မှိန်ပျပျသာရှိတဲ့ အမှောင်ထုအောက် ... ဒူတ်ခနဲအသံက ခပ်တိုးတိုးနဲ့ အဆက်မပြတ် ထွက်ပေါ်နေတယ်။

အမှောင်ကြီးထဲ မြေကြီးတွေ တူးဆွနေတဲ့ လူနှစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပေါက်ပြားကို မြေကြီးထဲ ထိုးစိုက်လိုက်ရင်း ခါးကြားက အရက်ပုလင်းကို မော့သောက်လိုက်တယ်။

"မင်းဟာ အတ္တကြီးတဲ့ကောင်ပဲကွ၊

ငါ့လည်း တိုက်ဦးလေကွာ"

မြေတူးဆွနေတဲ့ လူ့ရဲ့အပြောကြောင့် နားနေသူက ပုလင်းကို လှမ်းပေးလိုက်တယ်။

"ဟေ့ကောင် သာလှရ ...

မင်းပြောတာ သေချာရဲ့လား၊

မသေချာရင် ... မောတာပဲ

အဖတ်တင်မှာနော်"

သာလှက အရက်ကို အဝမျိုသောက်လိုက်ရင်း ...

"သံလုံးရာ ... မင်းသူငယ်ချင်း ငါက

မသေချာရင် ဘာမှမလုပ်ဘူးကွ၊

အစီးစိန်က လူတွေအလစ်မှာ



အသားလေးဝတ်ပေးလိုက်တာကွ၊

ဒီမျက်လုံးတွေနဲ့ကို သေချာမြင်ခဲ့တာ၊

ကဲ ... အချိန်ကောင်းတုန်းလေး

ဆက်လုပ်ကြရအောင်"

လို့ ပြောပြီး မြေကြီးကို ဆက်တူးဆွလိုက်တယ်။

"ဂီး ... ဂီး ... ဂီး ... ဂီး"

ရုတ်တရက်ကြီး နားရွက်နားက ဖြတ်ပျံသွားတဲ့ ငှက်ဆိုးကောင်ကြောင့် သံလုံးတစ်ယောက် လန့်ဖျပ်ပြီး ...

"အောင်မယ်လေးဗျ" လို့ အော်လိုက်မိသလို သာလှကို ပြေးဖက်ထားလိုက်တယ်။

"ငှက်ဆိုးကောင်ပါကွ ... မင်းကလဲ၊

လုပ်နေတာ မသာအကောင်ဖော်ဖို့

သတ္တိက နည်းလှချည်လားကွ"

သာလှရဲ့အပြောကြောင့် သံလုံးက ဖက်ထားရာက ခွာလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက ကျောင်းဒကာကြီးအကြောင်း

တွေးနေတာကွ၊

ဟို ... သူတောင်းစားငှက်ဆိုးက

နားနားကပ်အော်တော့ တအားလန့်သွားတာပေါ့၊

တကယ်ပဲ ... ဟူး"

လို့ပြောပြီး မြေကြီးကို ဆက်တူးပြန်တယ်။

ဒီအချိန်မှာပဲ ...

"ဟာ ... ဟော့ကောင် သံလုံး၊

ငါ့ဘက်မှာ အခေါင်းကြီးပေါ်နေပြီကွ၊

မင်း အမြန်တူးတော့"

လို့ ဆော်ဩလိုက်တယ်။

သံလုံးလည်း သာလှရဲ့စကားကြောင့် အားတက်ပြီး မြေကြီးတွေကို ပေါက်ပြားနဲ့ ကလော်ထုတ်လိုက်တယ်။

သစ်သားခေါင်းကြီးတစ်ခုလုံးပေါ်ချိန်မှာတော့ ...

နှစ်ယောက်သား မြေကျင်းထဲဆင်းပြီး အဖုံးဖွင့်ဖို့



ကြိုးစားလိုက်တယ်။

ထိုစဉ်မှာပဲ ...

သံလုံးတစ်ယောက် သင်္ချိုင်းရဲ့အဝင်လမ်းဆီ မျက်လုံး

ကြည့် ရောက်သွားတယ်။

သူဟာ ထိုအရာကို မျက်တောင်မခတ်တမ်းကြည့်ရင်း

ငြိမ်သက်နေတယ်။

"ဟာ ... ဒီကောင် ... ဘာကြောင့်နေတာလဲကွ၊

အဖုံးကို ဖွင့်စမ်းပါကွ ...

ဟော့ကောင် သံလုံး ..."

သာလှက အားမလို အားမရအသံနဲ့ လှမ်းပြောလိုက်တဲ့

အခါ သံလုံးက ...

"ဟို ... ဟိုမှာ ကြည့်စမ်းပါကွ၊

အရိပ်မည်းကြီးတွေ ငါ ...

ငါ ...မြင်နေရတယ်"

လို့ပြောလိုက်တဲ့အခါ သာလှက ၎င်းပြရာကို မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဝေ့ကြည့်လိုက်တယ်။

"ဘာမှမရှိပါဘူးကွ၊

မင်းကလေ လူမသိအောင် လုပ်ပါတယ်ဆိုမှ

ပြဿနာကို စုံနေတာပဲ၊

မင်း အာရုံတွေ ပြောင်းလိုက်စမ်း၊

ငါတို့လိုချင်တာ ကျောင်းဒကာကြီးရဲ့အလောင်းမှာ

ဝတ်ထားတဲ့ လက်ပတ်ကြိုးကြီးပဲကွ၊

ဒါရရင် ... မြို့တက်ပြီး

အပြတ်သောင်းကျန်းလို့ရပြီ၊

လုပ်စမ်းပါကွ"

သာလုရဲ့လောဘစိတ်ကို နှိုးဆွပေးမှုကြောင့် သံလုံးက ထိုနေရာကို မကြည့်တော့ဘဲ အခေါင်းဖုံးကြီးကို ခွာထုတ်လိုက်တယ်။

အဖုံးကြီးပွင့်သွားတဲ့အခါ အလင်းရောင် ပိုးတဝါး အောက် မျက်လုံးကြီးပြူးနေတဲ့ အလောင်းကောင်ကြီးကို ကျော



ချမ်းဖွယ်ကောင်းလောက်အောင် မြင်လိုက်ရတယ်။

လောဘဇောကပ်နေတဲ့သာလုက ကျောင်းဒကာကြီးရဲ့ တိုက်ပုံအင်္ကျီလက်ကို ဆွဲမလိုက်ပြီး ကြည့်လိုက်တယ်။

"ဟာ ... တွေ့ပြီကွ၊

ကြည့်စမ်းပါဦး သံလုံးရ ...

အမှောင်ထဲမှာတောင် လက်ပတ်ကြိုးကြီးက

လက်နေတာပဲကွ၊

အလေးချိန်လည်း များပုံရတယ်၊

ဟီး ဟီး ... ငါတို့ ပွပြီကွ"

"ဟုတ်တယ်ကွ ... ငါ ဖြုတ်လိုက်တော့မယ်၊

ဒါ ... ဒါပေမဲ့ ... မင်း ကျောင်းဒကာကြီးရဲ့

မျက်လုံးကို အုပ်ထားပေးကွာ၊

သူ့မျက်လုံးပြူးကြီးက ငါ့ကို

စိုက်ကြည့်နေသလိုပဲကွ"

ဒီနောက်မှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်သား အတိုင်ဖောက်ညီစွာနဲ့ အလောင်းကြီးလက်က လက်ပတ်ကြီးကို ဖြုတ်ယူလိုက်ကြတယ်။

သံလုံးက လက်ထဲပါလာတဲ့ လက်ပတ်ကြိုးကို ချိန်ဆကြည့်ရင်း ...

"လက်ပတ်ကြိုးကြီးက အလေးကြီးပဲဗျ၊
ငါ့စိတ်ထင် ရွှေငါးကျပ်သားလောက်ရှိမယ်
ထင်တယ်၊
ဒါပဲနော် ... ဟော့ကောင် ...
ဒါကြီး ရောင်းရငွေကို အချိုးကျခွဲယူမယ်၊
မင်း ညစ်ဖို့မကြိုးစားနဲ့"

လို့ ပြောလိုက်တဲ့အခါ ...

"အောင်မာ ... ခုမှလာပြီး လောဘတက်နေတယ်၊
ငှက်ဆိုးဖြတ်သွားတာတောင်
ကြောက်တဲ့ကောင်ကများ၊



တစ်ယောက်တစ်ဝက်လို့ ပြောထားပြီးပြီပဲ၊
ကဲပါ ... ငါတို့လိုချင်တာ ရပြီဆိုတော့
မြေတွေ ပြန်ဖို့ရအောင်ကွ၊
ဒီမှာကြာနေရင် ... သူများမြင်မှာစိုးရတယ်"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

## ...ရှပ် ရှပ် ရှပ် ...

ဖိနပ်ကို ရှပ်ပြီးသွားနေတဲ့ အသံကြီး။

ထိုအသံကြီးက မြေဖို့အပြီး သချိုင်းက ပြန်ဖို့ပြင်နေတဲ့

သာလှတို့နှစ်ယောက်လုံး နားနဲ့ဆတ်ဆတ် ကြားလိုက်ရတယ်။

... ရှပ် ရှပ် ရှပ် ...

www.burmeseclassic.com

www.burmeseclassic.com



... ရှပ် ရှပ် ...

အသံက တိုးရာကနေ တဖြည်းဖြည်း နီးကပ်လာသ

ခံစားနေရပြီး နှစ်ယောက်သား တစ်ယောက်မျက်နှာ တ

ယောက်ကြည့်ပြီး စကားမပြောနိုင်ဘူး။

အမှောင်ကြီးထဲ ဘယ်နေရာကြည့်ကြည့် ကမ္ဘည်းတို

တွေ၊ မြေပုံမို့မို့တွေကြောင့် အကြောက်အရွံ့မရှိတဲ့ သာလှ

ကျောထဲ စိမ့်ခနဲ့,အေးခနဲ ဖြစ်သွားတယ်။

ကျောင်းဒကာကြီးရဲ့အလောင်းကို တူးစဉ်မှာ

အလောင်းဆီက လက်ပတ်ကြိုးဖြုတ်ယူချိန်မှာရော လော

မွှန်နေတဲ့အတွက် ကြောက်စိတ်ပျောက်နေတဲ့ သာလှ။

ခုတော့ ...

တဖြည်းဖြည်း နီးကပ်လာတဲ့ ခြေသံ (ရှပ်တိုက်သံ)

ကြောင့် ကြက်သီးတွေက သီးခနဲ၊ ဖျဉ်းခနဲ။

"ဒီ ... ဒီလိုချည်း ရပ်နေမလို့လားကွ၊

အသံကြီးက ငါတို့နဲ့ နီးကပ်သလိုပဲကွာ၊



ငါ ... ငါတို့ ...

ပြေးကြရအောင်ကွ"

ကတုန်ကယင်ကြီးပြောလိုက်တဲ့ သံလုံးကြောင့် မျက်စိ

မျက်နှာပျက်နေတဲ့ သာလှက ...

"ထွက်ပေါက်က ငါတို့ နောက်ကျောမှာကွ၊

အသံကလည်း အနောက်က ကြားနေရတာ၊

နောက်လှည့်လိုက်မှ မတော်တာမြင်ရရင်

ဘယ်လိုလုပ်မလဲကွ၊

ငါလည်း မလှည့်ရဲဘူးကွာ"

"ဘာဖြစ်ဖြစ်ကွာ ...

အနားရောက်မှ ဘွားခနဲ

တွေ့ရတာထက်စာရင်

အရဲစွန့်ပြေးတာက ပိုကောင်းမယ်၊

ငါ ကြောက်လွန်းလို့ သေးပေါက်ချင်နေပြီ

သာလှရ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစာရွတ်ပြီး ပြေးရအောင်ကွာ၊

မင်းမလိုက်လည်း ငါ ပြေးတော့မယ်၊

ငါ့ကျောတွေ မလုံတော့ဘူးကွ”

သံလုံးအပြောကြောင့် သာလှတစ်ယောက် အသက်ကို တဝကြီး ရှူသွင်းလိုက်တယ်။

ပြီးမှ ...

သံလုံးရဲ့လက်ကို ကျစ်နေအောင် လှမ်းဆွဲလိုက်ရင်း ...

“ပြီးရောကွာ ... ငါတို့ လက်မဖြုတ်ကြေး

ပြေးကြမယ်၊

ဒါပေမဲ့ ... တစ်ခုရှိတယ်ကွ၊

ငါတို့နောက်က လာနေတဲ့အကောင်ဟာ

သရဲမဟုတ်ဘဲ ကျတ်တွေဖြစ်နေရင်

ပိုကြောက်ဖို့ကောင်းတယ်ကွ၊

သူတို့ရှေ့မှာ အသံမပြုရဘူးလို့



ငါကြားဖူးတယ်၊

ဒါ့ကြောင့် ... ဘာကြီးပဲတွေ့တွေ့

အသံလုံးဝမထွက်မိစေနဲ့၊

ကြားလား ... ဟော့ကောင်”

လို့ ပြောလိုက်တဲ့အခါ သံလုံးက ရင်ခေါင်းအသံကြီးနဲ့...

“အင်း” လို့ ရေရွတ်လိုက်တယ်။

ရှပ် ... ရှပ် ... ရှပ် ... ရှပ်

သာလှနဲ့သံလုံးတို့ဟာ နောက်ကို ဖြည်းဖြည်းချင်း လှည့်လိုက်တယ်။

မြင်လိုက်ရတာက ...

လရောင်အောက် တရွေ့ရွေ့ ချဉ်းကပ်လာတဲ့ အရိပ် နှစ်ခု။

နှစ်ယောက်သား ထိုအရိပ်ကိုမြင်ပြီး အကြီးအကျယ် သန့်ဖျပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသံလည်း မပြုရဲတာကြောင့် ပါးစပ်ထဲ လက်ထည်

လိုက်ပြီး သုတ်ခြေတင် ပြေးကုန်ကြတယ်။

ငရင်းတို့ သချိုင်းပြင်ရောက်တဲ့အခါ ...

အရိပ်ကြီးနှစ်ခုဟာ ကျောင်းဒကာကြီးရဲ့မြေပုံနား

ရောက်နေကြတယ်။

"ဟေ့ကောင် ... လာစမ်းပါကွ၊

တွန့်ဆုတ် တွန့်ဆုတ်နဲ့ကွာ၊

ဒီမှာ ... ကျောင်းဒကာကြီးရဲ့မြေပုံ

ရောက်နေပြီကွ"

သာထူးက နောက်မှာကျန်ခဲ့တဲ့ ချစ်အောင်ကို လှမ်းပြော

လိုက်တယ်။

ချစ်အောင်တစ်ယောက် သချိုင်းအဝကို ငဲ့စောင်းကြည်

ပြီး ...

"ငါ ... ငါ ... ခုနက ရိပ်ခနဲ

ဖြတ်ပြေးသွားတဲ့အရိပ်တွေ မြင်လိုက်တယ်၊







www.burmeseclassic.com

www.burmeseclassic.com



လို

ရေး

လို

ပြီး



သ ... သရဲခြောက်ခံရပြီ ထင်တယ်ကွာ"

လို့ တုန်ယင်သံကြီးနဲ့ ပြောလိုက်တယ်။

"ဟာကွာ ... သချိုင်းလာမှတော့

သရဲတွေ့လည်း ဘာဖြစ်လဲကွာ၊

မင်းကို လျှာကြီးထုတ်မပြသွားရင်

ပြီးတာပဲ၊

မင်းကိစ္စကို အမြန်လုပ်ပါကွ ချစ်အောင်ရ"

သာထူးရဲ့ဆော်ဩမှုကြောင့် ချစ်အောင်က ကြောက်

နဲ့စွာနဲ့ပဲ ...

"ဘ ... ဘကြီးဖိုးမှန်ရယ် ...

နေ့လယ်က ကျွန်တော် လေးခွနဲ့ ပစ်မိတာ

စိတ်မဆိုးပါနဲ့၊

ဇွဲမယူပါနဲ့နော်၊

အဲ ... အဲဒါ ... လာပြီး

တောင်းပန်တာပါ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



လို့ မြေပုံကိုကြည့်ပြီး တောင်းပန်လိုက်တယ်။

ချစ်အောင်က တောင်းပန်ပြီးတဲ့အခါ သာထူးက ဝါးခနဲ သမ်းဝေလိုက်ရင်း ...

"ကဲ ... ပြီးရင်လည်း ပြန်ကြမယ်ကွာ၊

ငါ တအားကို အိပ်ချင်နေပြီကွ ...

ချစ်အောင်ရ၊

ဇက်ကြောတွေလည်း လေးသလို့၊

တက်သလိုကြီးကွ"

လို့ပြောလိုက်တယ်။

ဒီနောက်မှာတော့ ...

နှစ်ယောက်သား ကျောင်းဒကာကြီးရဲ့ မြေပုံရှေ့က လှည့်ပြန်ဖို့ ပြင်လိုက်ကြတယ်။

ထိုစဉ်မှာပဲ ...

ချစ်အောင်ရဲ့မျက်လုံးက လရောင်အောက် တစ်နေရာဆီ ရောက်ရှိသွားတယ်။



ချစ်အောင်တစ်ယောက် ထိုနေရာကို လှျောက်သွားပြီးနောက် အုံ့အားသင့်ဟန်တွေ သူ့မျက်နှာပေါ် ယှက်သန်းသွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

ဒီကနေ့ လယ်ရှင်ဦးဖိုးအောင်ရဲ့ အလှူရှိတာကြောင့် ရွာသူရွာသားတွေဟာ အတော့်အတင့် ကောင်းမွန်တဲ့အဝတ်အစားတွေ ဝတ်ပြီး ရွာဦးကျောင်းကို သွားနေကြတယ်။

ရွာဦးကျောင်းရဲ့ ကျောင်းပေါ်မှာတော့ ဦးဖိုးအောင်တစ်ယောက် လိုအပ်သည်များ စီမံခန့်ခွဲနေသလို ...

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ပြုမယ့် ကိုရင်လောင်းနှစ်ယောက်ကတော့ ကျောင်းဝင်းရှိညောင်ပင်ကြီးအောက် မျက်နှာမသာမယာလေးတွေနဲ့ ထိုင်နေကြတယ်။

ကျောင်းဝင်းထဲရောက်လာတဲ့ ရွာသူရွာသားတွေဟာ ကိုရင်လောင်းတွေကို မြင်တွေ့ပြီး ...

"ဟဲ့ ကိုရင်လောင်းတွေ ...
အဲမှာထိုင်ပြီး ဘာလုပ်နေကြတာလဲ၊
ကျောင်းပေါ်တက်ကြလေဟယ်"
လို့ လှမ်းပြောကြတယ်။

ချစ်အောင်က မှုန်တေတေရုပ်နဲ့ လှမ်းကြည့်ရင်း –
"အချိန်စောသေးလို့ ထိုင်နေတာပေါ့၊
လာပြီး ဆရာကြီးမလုပ်နဲ့ အပျိုကြီး"
လို့ ပြောလိုက်တယ်။

ထိုအပျိုကြီးတို့ အုတ်ကျောင်းပေါ်တက်သွားတဲ့အခါ သာထူးက ...



"ငါ မင်းကို ပြောမယ်၊ ပြောမယ်နဲ့
မပြောဖြစ်ဘူးကွ၊
ဟိုနေ့ညက သချိုင်းက ပြန်လာပြီးကတည်းက
ငါ အိပ်မက်ဆိုးချည်း မက်နေတယ်၊
ဘာတွေမှန်းတော့ မမှတ်မိဘူးကွ၊
ဒါပေမဲ့ ... အိပ်မက်ထဲမှာ
သိပ်ကြောက်ဖို့ ကောင်းတယ်ကွာ"
လို့ ပြောလိုက်တဲ့အခါ ချစ်အောင်က လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

"ဟင် ... မင်းလည်း
အဲလိုချည်း ဖြစ်နေတာလား၊
ငါလည်း မင်းလိုပဲကွ၊
အမြင့်က ပြုတ်ကျသလို
တအား ထိတ်လန့်နေတဲ့ပုံမျိုးတွေ
အိပ်မက်ထဲ ကြုံရတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူချိုင်းက ပြန်လာပြီးတည်းက

ငါတို့နှစ်ယောက်လုံး တိုက်တိုက်ဆိုင်ဆိုင်

ဖြစ်နေကြတာပဲ၊

တစ်ခုခုတော့ လွဲနေပြီထင်တယ်"

သာထူးက ထိုသို့ရေရွတ်ပြီး သက်ပြင်းချလိုက်တယ်။

ဒီအချိန်မှာပဲ ...

"ကိုရင်လောင်းတွေ ဆံချဖို့

ဆရာတော်ကြီးခေါ်နေပြီဟေ့၊

အမြန်လာကြကွ"

လူကြီးတစ်ယောက်ရဲ့ လှမ်းပြောမှုကြောင့် ချစ်အောင်တို့နှစ်ယောက်ဟာ ထိုင်ရာကထပြီး ကျောင်းဘက် လျှောက်ခဲ့ကြတယ်။

ဒီနောက်မှာတော့ ချစ်အောင်နဲ့သာထူးတို့ဟာ ဆံချခြင်း သင်္ကန်းစီးခြင်းတို့ ပြုလုပ်ကြရတယ်။

ကိုရင်စီးခြင်းမှု ပြီးစီးတဲ့အခါ ...



ဆရာတော်ဘုရားကြီးက ...

"ကဲ ... ကိုရင်တို့ ... ခုချိန်ကစပြီး

ကိုရင်တို့ဟာ ဘုရားရဲ့သားတော်ဘဝ

ရောက်သွားပြီဗျ၊ ဒါ့ကြောင့် ...

အပြောအဆို အနေအထိုင်အားလုံး

လူ့ဘဝလို မနေရတော့ဘူး၊

အားလုံးကို ပြောင်းလဲပစ်ရမယ်၊

နေနည်း ထိုင်နည်းတွေအားလုံး

ဦးပဥ္စင်းကြီးက သင်ပေးလိမ့်မယ်၊

ကဲ ... ဦးပဥ္စင်းကြီးရေ ...

ကိုရင်တွေကို နေရာချပေးလိုက်ပါ"

ဆရာတော်ကြီးရဲ့ မိန့်ကြားမှုကြောင့် ကိုရင်နှစ်ပါးဟာ ဆရာတော့်ကို ဦးချပြီး ဦးပဥ္စင်းကြီးနောက် လိုက်ပါသွားကြတယ်။

ချစ်အောင်က ပြောင်းနေတဲ့ဦးခေါင်းကို ပွတ်သပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း ...

"ကတုံးနဲ့နေရတာ တစ်မျိုးကြီးပဲကွာ၊

ယားသလိုလိုနဲ့ ဟာလာဟင်းလင်းကြီး၊

မင်းရောကွ သာထူးရ"

လို့မေးလိုက်တဲ့အခါ သာထူးက ...

"ဆံပင်မရှိတော့ ခေါင်းပေါ့သွားတာပေါ့ကွ၊

ငါတော့ ကတုံးနဲ့နေရတာ ကြိုက်တယ်"

လို့ ပြန်ပြောလိုက်တယ်။

ဦးပဥ္စင်းကြီးက သူတို့ကို ခြေတံရှည်ပျဉ်ကျောင်းကြီးပေါ် ခေါ်သွားတယ်။

ကျောင်းပေါ်ရောက်တော့ ...

"ကဲ ... ကိုရင်တို့ ... ဒီမှာ ကိုရင်တို့

ကျိန်းရမယ်၊ မနက် ...

အုန်းမောင်းခေါက်တာနဲ့ အိပ်ရာထရမယ်နော်၊

အခုတော့ ... နားလိုက်ကြ၊



ဦးပဥ္စင်းသွားမယ်"

ဦးပဥ္စင်းကြီးက သူတို့ကို နေရာချပေးပြီး ပြန်ထွက်သွားတယ်။

ချစ်အောင်တို့ဟာ သင်ဖြူးဖျာထက် ခြေပစ်လက်ပစ် ချလိုက်ကြတယ်။

"ဟား ... သင်္ကန်းကြီးက ပူအိုက်နေရောကွာ၊

ငါတော့ ကိုရင်ဘဝကို

ဘယ်နှစ်ရက်တောင် အောင့်အည်းနေရမလဲ

မသိဘူး"

"အကြာကြီးဝတ်ရမှာတော့ သေချာတယ်

ချစ်အောင်ရ၊

မင်းအဘက မင်းကို မနိုင်လို့

ဆရာတော့်ကျောင်း ပို့လိုက်တာပဲ၊

နေတတ်အောင် ကြိုးစားပေါ့ကွ၊

ငါတော့ ... ပင်ပန်းလို့ အိပ်ချင်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပြီကွာ"

သာထူးက ပြောဆိုပြီး မျက်လုံးမှိတ် အိပ်ပစ်လိုက်တယ်။

ချစ်အောင်လည်း ဘယ်ညာလှည့်ရင်း တဖြည်းဖြည်းနဲ့ အိပ်ပျော်သွားတော့တယ်။

□□□

# အပိုင်း (၈)

www.burmeseclassic.com

...ဒိန်း ...ဒိန်း ...ဒိန်း

ကျွိ ...ကျွိ ...

ဆူညံသံတွေကြောင့် ကိုရင်နှစ်ပါး လန့်နိုးသွားတယ်။

“ဘာသံတွေလည်း သာထူးရ ...

ဘယ်ကလဲကွ”



“ငါလည်း မသိဘူးလေကွာ၊

ကျောင်းအောက်က ဖြစ်မှာပေါ့၊

ကြမ်းပေါက်ထဲကနေ ငုံ့ကြည့်ရအောင်”

နှစ်ယောက်သား ကြမ်းပေါက်ကနေ အောက်ကို ချောင်း ကြည့်လိုက်ကြတယ်။

ပျဉ်ကျောင်းကြီးရဲ့အောက်ဘက် မြေသလင်းမှာတော့ သားနှစ်ယောက်ဟာ ခုတင်အဟောင်းကြီးတစ်လုံးကို တပ် ဆင်နေကြတယ်။

“ဟာ ... ခုတင်က အကြီးကြီးပဲကွ၊

ကြည့်ရတာ ... ငါတို့အိပ်ဖို့ လာပို့တာလား

မသိဘူးနော် ... သာထူး”

“အာ ... မဖြစ်နိုင်ပါဘူး၊

ငါတို့အိပ်ဖို့ဆိုရင် ကျောင်းပေါ်တင်မှာပေါ့ကွ၊

ခုက ... ကျောင်းအောက်မှာပဲ

ထားတဲ့ဟာကို”

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားပြောနေစဉ်မှာပဲ ရွာသားတွေဟာ ခုတင်တပ်ဆင်ခြင်း ပြီးဆုံးသွားတယ်။

ရွာသားတွေ ပြန်ထွက်သွားတဲ့အခါ ချစ်အောင်တို့နှစ်ယောက်ဟာ ကျောင်းပေါ်ကဆင်းပြီး ခုတင်ကြီးကို လှည့်ပတ်ကြည့်လိုက်ကြတယ်။

"ခုတင်ကြီးက ရှေးဟောင်းခုတင်ကြီးကွ၊

ပွတ်လုံးတိုင်ကြီးတွေနဲ့ ...

အိပ်လိုက်ရရင်တော့ ဓိမ်ပဲကွာ"

ကိုရင်ချစ်အောင်က ခုတင်ကြီးပေါ်တက်ပြီး အိပ်ချလိုက်တယ်။

ဒီအချိန်မှာပဲ သူ့တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထ,သလို ခံစားလိုက်ရတယ်။

"ဘာလဲကွ ငါ့တစ်ကိုယ်လုံး

ကြက်သီးထနေတယ်၊

မင်းရော ဖြစ်သလား သာထူး"



ချစ်အောင်က ခုတင်ပေါ်က လှူးလဲထရင်း မေးလိုက်တယ်။

ခုတင်ဘေးမှာရပ်နေတဲ့ သာထူးက ခေါင်းယမ်းပြီး –

"ဟင့်အင်း ... မဖြစ်ပါဘူးကွ၊

ကြက်သီးထတာပဲဟာကွာ ... သူ့ဟာသူ

ထချင်တဲ့အချိန် ထမှာပေါ့၊

မင်းထတိုင်း ငါက ထရမှာလားကွ"

ကိုရင်နှစ်ယောက် ထိုသို့ပြောနေစဉ်မှာပဲ ကိုရင်ချစ်အောင်ရဲ့ဖခင်ကြီး ရောက်ရှိလာတယ်။

"ကိုရင်ကာဝိတို့ အဆင်ပြေရဲ့လား၊

ဘယ်လိုလဲ"

ဦးဖိုးအောင်က ထိုသို့မေးရင်း အနားလျှောက်သွားတယ်။

"ပြေတော့ပြေပါတယ် ဒကာကြီး၊

ကိုရင်တို့ ဘယ်နှရက်လောက် ဝတ်ရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကာဝိတစ်ဖြစ်လဲ ချစ်အောင်က ဖခင်ကို မေးလိုက်တယ်။

ဦးဖိုးအောင်က အအေးဘူးကို ခွက်ထဲဖွင့်ထည့်ရင်း -

"သာသနာ့ဘောင်ဆိုတာ ရောက်ခဲပါတယ်

ကိုရင်ရဲ့၊

သင်္ကန်းစီးမယ့်စီးလည်း အနည်းဆုံး

တစ်လလောက် စီးသင့်ပါတယ်၊

ဒီမှာ ကိုရင်တို့ကို အအေးလာကပ်တာပါ၊

ပြီးရင် ... တပည့်တော် ပြန်တော့မယ်"

လို့ပြောလိုက်တဲ့အခါ ကိုရင်ချစ်အောင်တစ်ယောက် မျက်နှာရှုံ့မဲ့သွားတော့တယ်။

ဦးဖိုးအောင်က ကိုရင်နှစ်ပါးကို အအေးကပ်ပြီးနောက် နှုတ်ဆက်ပြန်သွားတော့တယ်။

"အဘက မဟုတ်သေးပါဘူးကွာ၊

တစ်လတောင် ကိုရင်ဝတ်နေရဦးမှာ၊



ဟင်း ... ငါတော့ ဒီရက်တွေ

ဘယ်လိုဖြတ်ရမလဲမသိဘူး၊

ညစာလည်း မစားရဘူး၊

မနက်လည်း အစောကြီးထရမှာ ... တကယ်ပါပဲ"

ကိုရင်ချစ်အောင်ရဲ့မျက်နှာ ရှုံ့မဲ့ပြီးပြောလိုက်တဲ့စကားကြောင့် ကိုရင်သာထူးက ...

"ငါကတော့ မင်းလိုမဟုတ်ဘူး၊

ကိုရင်ဘဝက ထွက်ရမှာ ကြောက်တာဟော့၊

ကိုရင်ဝတ်ရတာ ကောင်းတယ်၊

လူဝတ်က ပင်ပန်းတယ်ကွ၊

ကပါကွာ ...ငါတို့ ကျောင်းဝင်းထဲ

လျှောက်ကြည့်ရအောင်"

လို့ ပြောလိုက်တော့တယ်။

ဒီနောက်မှာတော့ ကိုရင်နှစ်ပါးဟာ ပျဉ်ကျောင်းကြီးအနေ ထွက်ခွာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်နှစ်ပါးဟာ ကျောင်းဝင်းကြီးရဲ့ဝန်းကျင်ကို ဝေး
မော့ကြည့်ရှုရင်း ...

"သစ်ပင်ကြီးတွေက အုံ့ဆိုင်းနေတာပဲကွာ၊
ကြည့်ပါဦး ....
စာကလေးတွေလည်း အများကြီးပဲကွ၊
ဒီအချိန် ... စာပစ်လိုက်ရရင်
သိပ်ကောင်းမှာပဲကွာ"

လို့ ချစ်အောင်က ပြောလိုက်တယ်။

"သင်္ကန်းဝတ်ကြီးနဲ့ အကုသိုလ်စကားမပြောနဲ့ကွ၊
ငရဲကြီးတတ်တယ်၊ ပြီးတော့ ...
ကျောင်းဝင်းထဲက ငှက်တွေကို
ဘယ်သူမှ ပစ်ခွင့်မရှိဘူး၊
ဆရာတော်ကြီး တားမြစ်ထားလို့ကွ"

နှစ်ယောက်သား စကားတပြောပြောနဲ့ ကျောင်းဝင်းရဲ့ အနောက်ဘက်ပိုင်းဆီ ရောက်သွားကြတယ်။



ကိုရင်ချစ်အောင်က လမ်းလျှောက်နေရာက ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်ကို ခေါင်းငဲ့ကြည့်လိုက်တယ်။

နောက်ကနေ တစ်ယောက်လိုက်နေသလို ခံစားရတဲ့ အတွက်ကြောင့်ပါ။

"ဘာဖြစ်လို့လဲကွ"

သာထူးရဲ့အမေးကြောင့် ချစ်အောင်က ခေါင်းယမ်းပြီး–

"ဘာမှမဟုတ်ပါဘူး"

လို့ပြောရင်း ဆက်လျှောက်လိုက်တယ်။

ကျောင်းဝင်းကြီးရဲ့ အနောက်ပိုင်းရောက်တော့ အသုံး မပြုတော့တဲ့ ဇရပ်ပျက်ကြီးတစ်လုံးကို တွေ့လိုက်ရတယ်။

ကိုရင်သာထူးက ဇရပ်အိုကြီးရှိရာ လျှောက်သွားပြီး –

"ဇရပ်ကြီးက ပျက်စီးနေပြီပဲ၊
နဖူးစီးတစ်ခုပဲ ကောင်းတော့တယ်၊
အံမယ် ... နဖူးစီးမှာ စာတောင်
ရေးထားသေးတယ်ကွ ချစ်အောင်ရ ... တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ လက်ညှိုးထိုးပြောလိုက်တယ်။

ကိုရင်ချစ်အောင်က သာထူးညွှန်ပြရာကို မော့ကြည့်ရင်း ...

"အေးကွ ... ဇရပ်ဒကာအမည်ထိုးထားတာကွ၊

ဘာတဲ့ ... ကျောင်းဒကာကြီးဦးဖိုးမှန်မိသားစု

ကောင်းမှုတဲ့ကွ၊

ဒါဆို ... ဟိုတစ်လောက သေသွားတဲ့

ကျောင်းဒကာကြီး လှူထားတဲ့ ဇရပ်ကြီးပေါ့"

လို့ ပြောလိုက်တဲ့အခါ ...

"ဟုတ်တယ်ကွ၊

ဦးဖိုးမှန်ကြီးက အလှူအတန်း

သိပ်ရက်ရောတာကွ၊

တို့ရွာက စေတီပုထိုးကျောင်းကန်တွေမှာ

သူ့နာမည် ကမ္ပည်းတွေချည်းပဲကွ၊

အင်း ... သူတော့ ... ခုလောက်ဆို



နိဗ္ဗာန်ရောက်နေလောက်ပြီကွ၊

တို့လည်း သူ့လို လှူတန်းနိုင်အောင်

ကြိုးစားရမယ်ကွာ"

လို့ သာထူးက ပြန်ပြောလိုက်တော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

## ထိုနေ့ညသန်းခေါင်ယံအချိန် ...

ကိုရင်ကာဝိ (ချစ်အောင်) နဲ့ ကိုရင်သောမ (သာထူး) တို့ဟာ ပျဉ်ကျောင်းကြီးပေါ်မှာ နှစ်ခြိုက်စွာ ကျိန်းစက်နေကြတယ်။

ထိုညက လမိုက်ညဖြစ်သလို ပတ်ဝန်းကျင်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ပိန်းပိတ်အောင် မှောင်မည်းနေတယ်။

ပူအိုက်တဲ့ရာသီဥတုနဲ့အတူ နားထဲတိုးဝင်လာတဲ့ အသံတစ်ခုကြောင့် ကိုရင်ချစ်အောင် နိုးသွားရတယ်။

... ကျွီ ... ကျွီ ... ကျွီ ... ကျွီ

ချစ်အောင်က အသံကိုနားစွင့်ရင်း သာထူးကို လှုပ်နှိုးလိုက်တယ်။

သာထူးတစ်ယောက် ... အင်း ... အဲ ... အသံပြုပြီး နိုးသွားတယ်။

"အာ ... ဘာလဲ ချစ်အောင်ရာ၊
အိပ်ကောင်းနေတဲ့ဟာကို"

"ငါ အရမ်းအိုက်နေတယ်ကွ၊
မင်း ပြတင်းပေါက် ထဖွင့်ပေးစမ်းပါ၊
ပြီးတော့ ... အသံတစ်သံလည်း
ကြားနေရတယ်"

ချစ်အောင်ရဲ့ခိုင်းစေမှုကြောင့် သာထူးဟာ မထချင်ချင်နဲ့ ပြတင်းပေါက်တံခါးကို ထဖွင့်ပေးလိုက်တယ်။



... ကျွီ ... ကျွီ ... ကျွီ ... ကျွီ ...

ပြတင်းတံခါးအဖွင့် ကြားလိုက်ရတဲ့အသံကြောင့် သာထူးတစ်ယောက် အိပ်ချင်စိတ်လွင့်သွားမိတယ်။

"ဘယ်ကအသံလဲကွ ... တကျွီကျွီနဲ့"

"ငါပြောတာလည်း အဲ့အသံပဲကွ၊
ခုနတည်းက ကြားနေရတာ၊
ကြည့်ရတာ အောက်ကခုတင်ကြီးပေါ်
ခွေးတွေများ တက်နေသလား မသိဘူး၊
အသံမြည်စရာ ခုတင်ကြီးပဲ ရှိတာကွ၊
ငါတို့ အောက်ဆင်းကြည့်ရအောင်၊
မင်း မီးခွက်ထွန်းလိုက်ကွာ"

ကိုရင်ကာဝိရဲ့စကားကြောင့် ကိုရင်သောမက ဆီမီးခွက်ကို မီးညှိပြီး လှေကားဘက် ထွက်ခဲ့တယ်။

ကိုရင်နှစ်ပါးဟာ ပျဉ်ကျောင်းကြီးရဲ့ လှေကားထစ်

www.burmeseclassic.com

www.burmeseclassic.com



ကနေ အောက်ကို ငုံ့ကြည့်လိုက်ကြတယ်။

ဆီမီးခွက်ရဲ့အလင်းရောင်အောက် မြင်လိုက်ရတဲ့အရာ ကြောင့် နှစ်ယောက်သား ခေါင်းကြိမ်းမတတ် မျက်လုံးပြူးသွား ရတယ်။

ကျောင်းအောက်ရှိ ရှေးဟောင်းခုတင်ကြီးဟာ ဘယ်သူမှ မရှိပါဘဲ တကျွီကျွီနဲ့ လှုပ်ယမ်းနေတယ်။

ကိုရင်သောမက သေချာအောင် မျက်လုံးကို ပွတ်သပ် ကြည့်ရင်း ...

"ဟာ ... ခုတင်ကြီးက သူ့ဟာသူ

လှုပ်ခါနေပါလားကွ၊

ငါ ... ငါတို့ သရဲခြောက်ခံရပြီထင်တယ်"

လို့ မျက်လုံးအပြူးသား ပြောလိုက်တဲ့အခါ ...

"ဟုတ်တော့ ဟုတ်တယ်ကွ၊

ဒါ ... ဒါပေမဲ့ ... လျှောင်များ

လှုပ်နေတာလားကွာ"



"ဟာ ... လျှောင်လှုပ်ရင် တစ်ကျောင်းလုံး

လှုပ်နေမှာပေါ့ကွ၊ သေချာတယ်ကွ ...

ငါ ... ငါတို့ သရဲခြောက်ခံရတာ"

ပြောပြောဆိုဆို မီးခွက်လင်းရောင်အောက် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်း ကျောင်းပေါ် ပြေးတက်ကြတော့ တယ်။

သူတို့ ကျောင်းပေါ်ပြန်ရောက်တော့ ဘာအသံမှမကြားရ တော့ဘူး။

ကိုရင်နှစ်ပါးဟာ ပူပူလှောင်လှောင်ကြီးနဲ့ပဲ စောင်ကို ခေါင်းအထိ ဆွဲခြုံပြီး ငြိမ်သက်နေကြတယ်။

သရဲအခြောက်ခံရပြီဆိုတဲ့ အသိစိတ်ကြောင့် ရင် ဘဒိန်းဒိန်းခုန်ပြီး တစ်ကိုယ်လုံး တုန်ယင်နေပြီ။

ဒီအချိန်မှာပဲ ...

'ဒုန်း ဒုန်း ဒုန်း' ဆိုတဲ့ ခြေသံပြင်းပြင်းသံ ကြားလိုက် ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံကြီးက ကျောင်းရဲ့တံခါးမကြီးရှေ့ ရပ်တန့်သွားပြီး မင်းထုပ်ထိုးထားတဲ့ တံခါးကြီးဟာ အလိုလို ပွင့်သွားတော့တယ်။

ကိုရင်နှစ်ပါးဟာ တတ်သည့်ဘုရားစာကို ရွတ်ဖတ်မိရင်း စောင်ပုံထဲက မထွက်ဝံ့ကြဘူး။

ပြင်းထန်လှတဲ့ခြေသံကြီးက သူတို့ရှိရာ ဦးတည်လာချေပြီ။

နှစ်ယောက်သား ကိုယ့်နှလုံးခုန်သံ ပြန်ကြားရလောက်အောင် ကြောက်လန့်နေပြီ။

ဒီအခါမှာပဲ ...

ကိုရင်ကာဝိရဲ့ခြုံစောင် လေထဲ ဝဲခနဲလွင့်တက်သွားတယ်။

ကိုရင်ကာဝိတစ်ယောက် လန့်ဖျပ်ပြီး ကြည့်လိုက်တဲ့အခါ သူ့ကို ဒေါသတကြီးကြည့်နေတဲ့ ကြောက်မက်ဖွယ်မျက်နှာကြီးတစ်ခု။



"အားခနဲ"

အော်ဟစ်လိုက်တဲ့ ကိုရင်ကာဝိရဲ့အသံကြီးက ကျောင်းဝင်းတစ်ခုလုံး ဟိန်းထွက်သွားတော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

## ညကြီးအချိန်မတော် . . .

ကပ္ပိယကြီးရဲ့ လာခေါ်မှုကြောင့် ဦးဖိုးအောင်တစ်ယောက် ... ဘုန်းကြီးကျောင်းဆီ အပြေးအလွှားရောက်လာတယ်။

သားဖြစ်သူ ကိုရင်ကာဝိရှိတဲ့ ပျဉ်းကျောင်းကြီးပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဆရာတော်ကြီးနဲ့အတူ ဦးပဥ္စင်းကိုပါ တွေ့လိုက်ရ တယ်။

ဦးဖိုးအောင်က စိတ်ပူတကြီးနဲ့ လက်အုပ်ချီရင်း -

"ဘာ ... ဘာဖြစ်တာပါလဲ

ဆရာတော်ဘုရား၊

ကိုရင်ကာဝိ ဘာဖြစ်တာလဲ ဘုရား"

လို့ အလောတကြီး မေးမြန်းလိုက်တယ်။

ဆရာတော်ကြီးက သက်ပြင်းအသာချရင်း ...

"အိမ်း ... ကိုရင်ကာဝိက

ပရလောကသားတွေရဲ့ ခြောက်လှန့်ခြင်း

ခံရတယ်လို့ ပြောရမှာပေါ့၊

သူ့ရဲ့ ထိတ်လန့်မှုပြေစေဖို့

ဘုန်းကြီး ရေပန်းတိုက်ထားရတယ်ကွဲ့၊

ဘုန်းကြီးတို့ကျောင်းဝင်းထဲ ...

ဒါမျိုး တစ်ခါမှမရှိခဲ့ပါဘူး၊



ကိုရင်နဲ့ ဒကာကြီး စကားပြောကြည့်ပါဦး၊

ဘုန်းကြီး ပြန်ကြွတော့မယ်"

လို့ မိန့်ကြားပြီး ... ကျောင်းပေါ်က ကြွသွားတော့ တယ်။

ဦးဖိုးအောင်က သားဖြစ်သူကို စူးစိုက်ကြည့်ပြီး ...

"လူဝတ်တုန်းက အကျင့်တွေ

မပျောက်သေးဘူးလား ကိုရင်၊

ဘာလို့ ဆရာတော်ကြီးကို

လျှောက်ပြောရသလဲ၊

သာသနာ့ဘောင်မှာ မပျော်ပိုက်လို့

ဒီလိုလုပ်နေတာ မဟုတ်လား"

ကိုရင်ကာဝိက ဖခင်ကို မျက်လုံးပြူးကြီးနဲ့ကြည့်ရင်း ခေါင်းခါယမ်းလိုက်တယ်။

"မ ... မဟုတ်ပါဘူး ဒကာကြီး၊

ကိုရင် ... ကိုရင့်ကို တစ်လောက

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားတဲ့ ကျောင်းဒကာကြီး

ဦးဖိုးမှန် လာပြီးခြောက်လှန့်တာ ...

တကယ်ပါ၊

ကိုရင် ညာမပြောဝံ့ပါဘူး၊

ဒကာကြီးမယုံရင် ကိုရင်သောမကို

မေးကြည့်ပါ”

ဦးဖိုးအောင်က မျက်နှာတင်းမာလျက် –

“လျှောက်မပြောနဲ့ ကိုရင်၊

ဘုရားဒကာကြီးက ဘယ်လိုလုပ်

ခြောက်လှန့်နိုင်မလဲ၊

ခုလောက်ဆို ...

ကောင်းရာဘုံဘဝ ရောက်နေလောက်ပြီ၊

ဘာမှအကြောင်းမပြနဲ့ ကိုရင်၊

ဒါမျိုး ... နောက်တစ်ခါ

မလုပ်ပါနဲ့”



လို့ ပြောဆိုပြီး လှည့်ပြန်သွားတယ်။

“ဟုတ်ပေသားပဲ ကိုရင်လေးရယ်၊

ကျောင်းဒကာကြီးဖိုးမှန်က ကိုရင့်ကို

ဘာကိစ္စ ခြောက်လှန့်ရမှာလဲ၊

ကဲ ... ကဲ ... ပြန်ကျိန်းချေတော့၊

ဦးပဥ္စင်းကြီးလည်း သွားတော့မယ်”

ဦးပဥ္စင်းကြီးက ထိုသို့ပြောပြီး ပြန်သွားတယ်။

ကိုရင်နှစ်ပါးဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိရင်း စိတ်ပျက်စွာ ခေါင်းယမ်းလိုက်မိတယ်။

“ငါတို့ သရဲအခြောက်ခံရတာ ဟုတ်တယ်၊

ဒါပေမဲ့ ... ကျောင်းဒကာကြီးသရဲဆိုတာတော့

မယုံနိုင်ဘူးကွာ”

ကိုရင်သောမရဲ့စကားကြောင့် ကိုရင်ကာဝိက –

“ငါကိုယ်တိုင် မျက်နှာကြီး မြင်လိုက်ရတာ၊

ဘာလို့ ငါပြောတာ အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



မယုံကြတာလဲ၊ ဟား ... တကယ်ပါပဲ၊

ကျောင်းဒကာကြီးက ဘာလို့

ငါ့ရွေးပြီး ခြောက်ရတာလဲ”

လို့ ညည်းညူလိုက်မိတယ်။

ကိုရင်သောမက ရယ်ကျဲကျဲဟန်နဲ့ -

“ဟဲ ... ဟဲ ... မင်းက ...

သူ့အလောင်းကို ဖွနဲ့ဆော်ထားလို့

ဖြစ်မှာပေါ့ကွ၊

ကဲပါ ... တွေးမနေနဲ့ ...

ပြန်အိပ်လိုက်တော့၊

မကြာခင် ... အုန်းမောင်းခေါက်တော့မယ်”

လို့ ပြောလိုက်တယ်။

ခဏကြာတော့ ...

ကိုရင်သောမ အိပ်မောကျသွားသည့်တိုင် သူ အိပ်မရ

ဘူး။



ကျောင်းဒကာကြီး ဦးဖိုးမှန်ရဲ့ ကြောက်မက်ဖွယ်မျက်နှာကြီးက မျက်လုံးထဲက လုံးဝမထွက်နိုင်ဘူး။

ကိုရင်ကာဝိတစ်ယောက် ပြူးကြောင်ကြောင့် မျက်လုံးအစုံနဲ့ အရုဏ်တက်ချိန်ရောက်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

နောက်တစ်နေ့ရောက်တော့ ကိုရင်ကာဝိတို့ဟာ ဦးပဥ္စင်းတွေနဲ့တူ ဆွမ်းခံထွက်ကြရတယ်။

ရွာရဲ့အနောက်ပိုင်းကိုရောက်တော့ ကိုရင်ကာဝိရဲ့ ခေါင်းထဲ ကျိန်းခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး ကြက်သီးထသလို ခံစားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ...

ခြေလှမ်းတန့်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်မိတယ်။

ဒီအခါ ...

ညောင်ပင်အိုကြီးတစ်ပင်ရဲ့နံဘေးကနေ သူ့ကို စူးစိုက်ကြည့်နေတဲ့ လူကြီးတစ်ယောက်။

ညောင်ပင်အိုကြီးနဲ့ ကိုရင်ကာဝိဟာ အလှမ်းဝေးကွာတာကြောင့် ထိုလူကြီးရဲ့မျက်နှာကို သေချာမမြင်ရဘူး။

ဒါပေမဲ့ ...

သူ့ကို စူးစိုက်ကြည့်နေတာတော့ ခံစားနေရတယ်။

သူလည်း လှမ်းအကဲခတ်နေတုန်းမှာပဲ ...

ထိုလူကြီးရဲ့ခေါင်းဟာ ခန္ဓာကိုယ်က ကင်းကွာပြီး လေထဲ ဝဲပျံသွားတယ်။

ကိုရင်ကာဝိတစ်ယောက် ထိုမြင်ကွင်းကိုကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားမိတယ်။



ထိတ်လန့်စိတ်နဲ့အတူ လက်မှာပိုက်ထားတဲ့ သပိတ်ဟာ အမှတ်တမဲ့ မြေပေါ်လွတ်ကျသွားရတယ်။

ဒုတ်ခနဲအသံကြောင့် ရှေ့ကဦးပဉ္စင်းတွေ ခြေလှမ်းရပ်ပြီး လှည့်ကြည့်ကြကုန်တယ်။

"ကိုရင်ကာဝိ ... သပိတ်ဆိုတာ
လွတ်ကျတဲ့အရာမဟုတ်ဘူး၊
ဘယ်လောက်အပြစ်ကြီးသလဲဆိုတာ
ကိုရင် သိရဲ့လား"

ဦးပဉ္စင်းကြီးရဲ့အသံကြောင့် ...

ကိုရင်ကာဝိတစ်ယောက် ကြောက်လန့်ရာမှ သတိဝင်လာပြီး –

"တ ... တပည့်တော် တမင်လုပ်တာ
မဟုတ်ပါဘူး ဘုရား၊
မကောင်းဆိုးဝါးမြင်လိုက်ရလို့ လန့်ဖျပ်ပြီး
လွတ်ကျသွားတာပါ ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တ … တပည့်တော် ကြောက်တယ် ဘုရား"

လို့ ပြောလိုက်တဲ့အခါ …

ဦးပဉ္ဇင်းကြီးက စိတ်မသက်သာဟန်နဲ့ ခေါင်းခါယမ်းလိုက်တယ်။

"ဒီစကား ထပ်မပြောပါနဲ့ ကိုရင်၊
ကိုရင့်ဖခင် ကျုပ်တို့ကို ပြောပြီးပြီ၊
ကိုရင်ဟာ လူထွက်ချင်လို့
ပြောဆိုနေတယ်ဆိုတာ သိတယ်၊
ကြုံကြိုက်ခဲ့တဲ့ သာသနာ့ဘောင်မှာ
အေးအေးနေပါ ကိုရင်"

ဦးပဉ္ဇင်းကြီးက ထိုသို့ဆိုပြီး ဆက်ကြွချီသွားတယ်။
ကျောင်းကို ပြန်ရောက်တဲ့အခါ ကိုရင်သောမက –

"မင်း ဘာဖြစ်နေတာလဲကွာ၊
သပိတ်လွတ်ကျလောက်ထိတော့
မဖြစ်သင့်ပါဘူးကွ"



လို့ ပြောလိုက်တဲ့အခါ ကိုရင်ကာဝိက –

"မဟုတ်ဘူးကွ … ငါ တကယ်ကို
ညောင်ပင်ကြီးနားမှာ ကျောင်းဒကာကြီးသရဲကို
တွေ့လိုက်ရတာ၊
ခေါင်းကြီးပြတ်ပြီး လျှောက်သွားနေတာကွ၊
သိပ်ကြောက်ဖို့ကောင်းတယ်"

လို့ ပြန်ဖြေလိုက်တယ်။

ကိုရင်သောမက ခေါင်းခါယမ်းလိုက်ရင်း –

"မင်းပြောတာ ငါနားလည်ပါတယ်၊
ငါကိုယ်တိုင်လည်း ဟိုတစ်ညက
အခြောက်ခံရတာပဲကွ၊
ဒါပေမဲ့ … မင်းလိုမျိုး
ကိုယ်ထင် မမြင်ရတော့
ကျောင်းဒကာကြီးသရဲဆိုတာ
ယုံဖို့ခက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျောင်းဒကာကြီးသရဲက

ငါ့ကိုပဲ ဘာလို့ရွေးပြီး

ခြောက်လှန့်နေရသလဲ၊

ငါ့မှာ သူ့အသုဘချတဲ့နေ့တုန်းက

သူ့အလောင်းကို ဝွနဲ့ဆော်မိတဲ့

အပြစ်လေးပဲ ရှိပါတယ်ကွာ၊

ငါ့ကို ဘာလို့ ဒီလိုကြီး

ခြောက်လှန့်သလဲဆိုတာ လုံးဝစဉ်းစားမရဘူး ...

ဟူး"

ထိုသို့ပြောဆိုပြီးနောက် ...

ကိုရင်နှစ်ပါးဟာ ကျောင်းရဲ့ဝေယျာဝစ္စတွေကို ပြုလုပ်ကြရတယ်။

နေ့ဆွမ်းဘုဉ်းပြီးချိန်မှာတော့ ...

ကိုရင်ကာဝိဟာ ဆွမ်းစားဆောင်အတွက် ရေကို ကူသယ်ပေးရတယ်။



သက်န်းမှာ ရေတွေစိုရွှဲသွားတဲ့အတွက် တစ်ပါးတည်း ဖျဉ်ကျောင်းကြီးဘက် ထွက်ခဲ့တော့တယ်။

သူဟာ ပျဉ်ကျောင်းကြီးရဲ့ သစ်သားလှေကားအတိုင်း တက်သွားလိုက်တယ်။

သင်းပိုင်တွေ၊ သက်န်းတွေကို လဲလှယ်ပြီးနောက် အလျင်အမြန်ပဲ ကျောင်းအောက်ပြန်ဆင်းခဲ့တယ်။

လှေကားရဲ့အောက်ဆုံးအထစ်ရောက်တော့ သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားတယ်။

ဒါကြောင့် ...

နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

ပျဉ်ကျောင်းကြီးအောက် မြေသလင်းပေါ်က ခုတင်ကြီး...

ထိုခုတင်ကြီးထက် တင်ပျဉ်ခွေထိုင်နေတဲ့ လူတစ်ယောက်။

ထိုလူက သူ့ကို ကျောပေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို ...

ထိုလူဟာ ကိုယ်ခန္ဓာမရှေ့ဘဲ သူ့ဘက် ခေါင်းကြီးပဲလှည့်လာတယ်။

မျက်လုံးထဲ ထင်းခနဲမြင်ရတဲ့အရာကြောင့် ကိုရင်ကာဝိတစ်ယောက် အသံမထွက်နိုင်လောက်အောင် ထိတ်လန့်သွားတယ်။

ကျောင်းဒကာကြီးသရဲရဲ့ ကြောက်မက်ဖွယ်မျက်နှာကြီး။

သူလည်း ဘာမှမတွေးတော့ဘဲ ဆွမ်းစားဆောင်ဘက်ပြေးထွက်ခဲ့တယ်။

ဆွမ်းစားဆောင်ဘက်ရောက်တော့ ...ရေအိုးထဲကအငမ်းမရ မော့သောက်ရင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတယ်။

ကိုရင်ကာဝိရဲ့ခေါင်းထဲတော့ တဝဲလည်လည်ဖြစ်နေပြီးမေးခွန်းကိုပဲ ထပ်မေးမိနေတယ်။



ကျောင်းဒကာကြီးသရဲ ... ဘာကြောင့် သူ့ပဲ ခြောက်လှန့်နေပါလိမ့်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

**အခါ်ချိန်က** ညရှစ်နာရီကျော်လောက်ပဲရှိသေးတယ်။ ရွာဓလေ့အရ ဘုန်းကြီးကျောင်းဝင်းတစ်ခုလုံး မှောင်မိုက်ပြီး ငြိမ်းစက်နေကြချေပြီ။

ပျဉ်ကျောင်းကြီးပေါ်မှာ သီတင်းသုံးတဲ့ **ကိုရင်နှစ်ပါး**သည်း နှစ်ခြိုက်စွာ အိပ်မောကျနေချိန် –

www.burmeseclassic.com

www.burmeseclassic.com



... ဒုန်း ... ဒုန်း ... ဒုန်း

ကျောင်းကြီးတစ်ခုလုံး သိမ့်ခနဲ တုန်သွားတယ်။

ကိုရင်နှစ်ပါးကတော့ အိပ်မောကျနေဆဲ။

"အင်း ...အဲ"

ကိုရင်ကာဝိ ညည်းညူသံနဲ့အတူ လှုပ်ရှားသွားတယ်။

အိပ်နေရင်း အသက်ရှူမဝသလိုကြီး ခံစားရတာကြောင့် နိုးသွားပြီး ကြည့်လိုက်တော့ သူ့ဗိုက်ပေါ်တက်ခွပြီး လည်မျို ညှစ်ဖို့ ကြိုးစားနေတဲ့ ကျောင်းဒကာကြီးသရဲ။

ကိုရင်ကာဝိတစ်ယောက် မျက်လုံးအစုံ ပြူးကျယ်သွား ပြီး ရုန်းကန်လိုက်တယ်။

အော်ဟစ်ဖို့ ကြိုးစားပေမယ့် လည်မြိုအဖိခံရတာကြောင့် အသံမထွက်နိုင်ဘူး။

ကျောင်းဒကာကြီးသရဲဟာ ပြူးအစ်နေတဲ့ မျက်လုံးအစုံ နဲ့ ဒေါသတကြီးကြည့်ရင်း သူ့ကို လည်ပင်းညှစ်သတ်နေပြီ

ကိုရင်ကာဝိဟာ လှုပ်ရှားလို့မရအောင် လည်ပင်းအညှစ်



ခံနေရတာကြောင့် 'အစ် ... အစ်' ...လို့သာ အသံထွက်နိုင်မှာ တယ်။

"အစ် ... အစ်"

"မ ... မလုပ်ပါနဲ့၊ အသက်ရှူကျပ်နေပြီ၊

လွှတ် ... လွှတ်ပါ"

ကိုရင်ကာဝိတစ်ယောက် ကြောက်လန့်စိတ်နဲ့ ရှေ့ရှုတ် ရှင်း ကျောင်းဒကာကြီးသရဲကို ရှိသမျှ အားကုန်သုံးပြီး တွန်း ထုတ်လိုက်တယ်။

ဒီအချိန်မှာပဲ ...

သူ့လက်မောင်းကို လှုပ်ကိုင်ခံလိုက်ရတယ်။

ရုတ်ခြည်းဆိုသလို ...

ကျောင်းဒကာကြီးသရဲဟာ သူ့မျက်လုံးရှေ့က ဖြုန်းခနဲ ပျောက်ကွယ်သွားတယ်။

"ကာဝိ ... ကာဝိ ... မင်း ဘာဖြစ်နေတာလဲ"

ကိုရင်သောမက ကိုရင်ကာဝိရဲ့လက်မောင်းကို ပုတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး မေးလိုက်တယ်။

ကိုရင်ကာဝိဟာ အိပ်ရာက ဆတ်ခနဲထထိုင်ပြီး အသက်ကို ဝအောင်ရှူလိုက်မိတယ်။

"အ ... အသက်ရှူကြပ်တယ်၊

မော ... မောတယ်၊

ငါ ... ငါ့ကို ရေပေးပါ"

သူ့အပြောကြောင့် ...

ကိုရင်သောမက ရေအိုးစင်က ရေကို ပြေးခပ်လိုက်တယ်။

ကိုရင်ကာဝိဟာ အသက်ကို ဝအောင်ရှူပြီးနောက် ရေကို သောက်ချပစ်လိုက်တယ်။

"ဟား ... အခုမှပဲ ...

အသက်ရှူချောင်သွားတော့တယ်၊

ငါ ... ငါ ... သရဲအခြောက်ခံရပြန်ပြီကွ၊

ကျောင်းဒကာကြီး ငါ့ကိုယ်ပေါ်



ခွထိုင်ရင်း လည်ပင်းညှစ်တာ၊

ငါတော့ သေပြီလို့တောင် ထင်တာကွ၊

တော်သေးတယ်ကွာ ...

မင်းကယ်ပေလို့သာပဲ"

ကိုရင်ကာဝိရဲ့အပြောကြောင့် ကိုရင်သောမက –

"ငါအိပ်နေတာ မင်းခြေထောက်နဲ့

လာကန်တယ်လေ၊

ငါလည်း လန့်နိုးသွားတာ၊

မင်းကိုကြည့်လိုက်တော့ လည်ပင်းအစ်သံကြီးနဲ့

အော်ဟစ်တွန်းထိုးနေတာကွ၊

မင်း အိပ်မက်ဆိုး မက်နေတာဖြစ်မှာ"

"မဟုတ်ဘူး ... အိပ်မက်မဟုတ်ဘူး၊

ငါ့ကို တကယ်ကြီး လာသတ်နေတာ၊

ဒေါသတကြီးပုံကြီးနဲ့ကွ၊

သိပ်ကြောက်ဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကာဝိရဲ့အပြောကြောင့် ကိုရင်သောမ မျက်မှောင်ကြုတ်သွားပြီး –

“အင်း ... ဒေါ်သတကြီး လာသတ်တယ်ဆိုတော့
မင်းနဲ့ ကျောင်းဒကာကြီးကြားမှာ
ပြဿနာရှိနေတာ သေချာပြီ၊
မင်း အရင်တုန်းက သူ့ကို
ဘာအမှားတွေများ လုပ်မိသေးလဲကွ၊
စဉ်းစားပါဦးကွာ”

လို့ မေးလိုက်တဲ့အခါ ကိုရင်ကာဝိ ငြိမ်ကျသွားတယ်။

အတန်ကြာမှ ...

ခေါင်းခါယမ်းလိုက်ပြီး –

“ဟင့်အင်း ... ဘာမှမရှိပါဘူးကွ၊
ကျောင်းဒကာကြီးနေရာနဲ့ တို့နဲ့က
တောင်နဲ့မြောက်ပဲလေ၊
ငါတို့ သူ့အပိုင်းမှာ သွားတောင်



မဆော့ဖူးဘူး၊
ငါ အရမ်းကံနိမ့်နေလို့ ဖြစ်မှာကွ”

လို့ ပြောလိုက်တယ်။

“မင်းက အခု ကိုရင်ဝတ်ထားတာလေ၊
ကံမနိမ့်နိုင်ပါဘူး၊
ငါ့မခြောက်ဘဲ မင်းပဲ
အခြောက်ခံနေရတာဆိုတော့ ...
အကြောင်းတစ်ခု ရှိကိုရှိရမယ်”

“မသိဘူးကွာ ... ငါတော့
စဉ်းစားမရတာပဲ သိတယ်၊
ငါ အိပ်ချင်တယ်ကွာ၊
အိပ်လည်း မအိပ်ရဲဘူး၊
မင်းနဲ့ငါ တစ်ယောက်တစ်လှည့်
အိပ်ကြရအောင်နော်”

ကိုရင်သောမက ရေခွက်ကို ပြန်ထားလိုက်ရင်း –

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ အိပ်ပါကွာ၊ ငါက ကိုရင် မဝတ်ခင်က

မင်းတို့ရဲ့အလုပ်သမားပဲကွ၊

မင်း စိတ်အေးလက်အေးသာအိပ်ပါ၊

ငါ ဘုရားစာရွတ်ပြီး စောင့်ပေးပါ့မယ်"

လို့ ပြောလိုက်တော့တယ်။

□□□

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားတက်အချိန် ...

"ဟင့် ဟင့် ဟင့် ဟင့်"

နှားထဲဝင်လာတဲ့ ငိုရှိုက်သံကြောင့် ကိုရင်ကာဝိဟာ
ရာက နိုးသွားသလို သူ့ကိုထိုင်စောင့်ပေးရင်း ငိုက်မြည်းနေ
ကိုရင်သောမပါ မျက်လုံးပွင့်သွားတယ်။



"အင် ... ငိုသံကြီးလားမသိဘူး၊
မင်း ... ကြားလား"

"အေး ... ငါလည်း ကြားတယ်ကွ၊
အသံက ငါတို့အောက်က လာနေတာ၊
သွားကြည့်ရအောင်"

ကိုရင်သောမရဲ့အပြောကြောင့် ကိုရင်ကာဝိက မျက်နှာ
ရှုံ့မဲ့သွားရင်း –

"ဟာ ... မသွားရဲပါဘူး၊
ကျောင်းဒကာကြီးသရဲ ခြောက်နေပြီ
ထင်တယ်၊
ဒီတစ်ခါ ... မင်းပါ အခြောက်ခံရပြီကွ"

"အချိန်လည်းကြည့်ပါဦးကွ၊
ခဏနေရင် ဆွမ်းစားအုန်းမောင်း
ခေါက်တော့မှာ၊ ကျောင်းဝင်းထဲ
ဦးပဉ္စင်းတွေ၊ ကပ္ပိယကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်ဗျ၊

ဘာမှမကြောက်နဲ့ ... ဆင်းကြည့်ရအောင်"

ကိုရင်နှစ်ပါးဟာ ပျဉ်ကျောင်းကြီးရဲ့အောက်ကို တိတ်တဆိတ် ဆင်းခဲ့ကြတယ်။

ဒီအခါ ...

အရုဏ်တက်အချိန်ရဲ့ ဝိုးတဝါးအလင်းရောင် အောက်လုံးဝထင်မှတ်မထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံလိုက်ရတယ်။

ပျဉ်ကျောင်းကြီးအောက် မြေသလင်းရှိ ရှေးဟောင်းခုတင်ကြီး။

ထိုခုတင်ကြီးဘေး၌မူ ကျုံ့ကျုံ့လေးထိုင်ပြီး ကျောပေးထားတဲ့ မိန်းမတစ်ယောက်။

ကိုရင်လေးနှစ်ပါးဟာ ထိုမြင်ကွင်းကြောင့် အသက်ရှူရပ်မတတ် အံ့အားသင့်သွားတယ်။

"ငါ ... ငါတို့ ... သရဲအခြောက်ခံရပြန်ပြီ



ထင်တယ်၊

ဘယ် ... ဘယ် ... လိုလုပ်မလဲဟင်"

ကိုရင်ကာဝိက တုန်ယင်တဲ့အသံနဲ့ မေးလိုက်တယ်။

သတ္တိကောင်းတဲ့ ကိုရင်သောမက ထိုအမျိုးသမီးကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ရင်း -

"ငါကတော့ ဘာကြီးပဲဖြစ်ဖြစ်

မကြောက်ဘူး၊

သရဲမဆိုလည်း ဘာလို့

ဒီခုတင်ကြီးမှာ လာငိုနေရတာလဲ၊

သေချာသိရအောင် အနားသွားကြည့်မယ်ကွာ၊

မင်းကြောက်ရင် မလိုက်နဲ့"

ပြောပြောဆိုဆို ကိုရင်သောမက ရှေ့ဆက်လျှောက်သွားလိုက်တယ်။

ကိုရင်ကာဝိလည်း တုန်ယင်တဲ့ခြေလှမ်းနဲ့ နောက်က လိုက်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ဟင့် ဟင့် ဟင့် ... ဟီး ဟီး”

ငိုသံကြီးက အနီးကပ်ကြားနေရပြီ။

ကိုရင်သောမတစ်ယောက် ခုတင်ကြီးရှိရာ ရောက်သွားတော့ ငိုနေတဲ့အမျိုးသမီးဟာ နောက်ကို ဆတ်ခနဲ လှည့်ကြည့်တယ်။

ရုတ်တရက်ကြီးဆိုတော့ ကိုရင်သောမလည်း လန့်ဖျပ်ပြီး-ပြီး ခြေတစ်လှမ်းနောက်ဆုတ်လိုက်မိတယ်။

“သြော် ... ဘယ်သူများလဲလို့၊

ဒုလ္လဘကိုရင်ဝတ်နေတဲ့

ကိုရင်သာထူးတို့ပါလား ...

ဟင့် ဟင့် ဟင့်”

ထိုအမျိုးသမီးဆီက ကြားရတဲ့အသံကြောင့် ကိုရင်သောမဟာ မသဲမကွဲအလင်းရောင်အောက် မျက်လုံးကို အားစိုက်ကြည့်လိုက်တယ်။

“ဟင် ... အရီးစိန်ပါလား၊



ဘယ်လိုဖြစ်ပြီး စောစောစီးစီး

လာငိုနေရတာလဲ၊

ကျုပ်တို့ဖြင့် သရဲထင်ပြီး

လန့်နေကြတာ”

အရီးစိန်က မျက်ရည်စတွေကို လက်ခုံနဲ့သုတ်လိုက်

“ဒီကနေ့က ကိုရင်တို့ဘကြီးရဲ့

မွေးနေ့လေ၊

ခုလို အရုဏ်တက်အချိန်မှာပဲ

ကျောင်းဒကာကြီး မွေးတာလေကွယ်၊

အရီးစိန်လည်း ကျောင်းကို

အရုဏ်ဆွမ်းလာပို့ရင်း

ကိုရင်တို့ဘကြီးကို သတိရလို့

ဟောဒီ သူ့ခုတင်လေးမှာ

လာငိုနေမိတာပါကွယ် ... ဟင့် ဟင့် ဟင့်”

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ ကိုရင်နှစ်ပါးက မျက်လုံးပြူး သွားတယ်။

"ဘယ်လို ဒီ ဒီ ခုတင်ကြီးက

ကျောင်းဒကာကြီးရဲ့ ခုတင်ကြီး ဟုတ်လား"

ထိတ်လန့်စိတ်နဲ့ ကိုရင်နှစ်ပါးလုံး ပြိုင်တူမေးလိုက်မိ တယ်။

"ဟုတ်တယ်လေကွယ်၊

သူဆုံးသွားတော့ မလေ့ထုံးစံအရ

သူ့ရဲ့ အသုံးအဆောင်ပစ္စည်းတွေ

အားလုံးကို ဘုန်းကြီးကျောင်း

လှူဒါန်းလိုက်တယ်ကွဲ့

ဟောဒီခုတင်ကြီးက ...

ကျောင်းဒကာကြီး အမြတ်နိုးဆုံး

ခုတင်ပါပဲကွယ်၊

ဒီခုတင်ပေါ်မှာပဲ သူ အသက်ပျောက်ခဲ့ရတယ်လေ၊



ပြောဆိုရင်း သူ့ကို ပိုသတိရမိတယ်ကွယ်၊

အီး ဟီး ဟီး ဟီး"

ကိုရင်နှစ်ပါးက အရီးစိန်ရဲ့စကားကြောင့် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်မိတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

ထိုနေ့ . . .

အရုဏ်ဆွမ်းကို အရိုးစိန်ကပ်လှူတဲ့ အုန်းထမင်းနဲ့ ကြက်သားနဲ့ ဆွမ်းစားကြရတယ်။

နေ့လယ်ခင်းရောက်တော့ ကျောင်းဝင်းထဲ အကောင်းစား လှည်းသုံးစီးဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးလှည်းပေါ်မှာတော့ ရွှေတွေအိကျမတတ် ဝတ်ဆင်ထားတဲ့ အမျိုးသမီးကြီးတွေ။

ကိုရင်ကာဝိတို့ဟာ ကျောင်းရှေ့တံမြက်စည်းလှည်းကျင်းနေရကာ လှမ်းတွေ့လိုက်ရတယ်။

ဧည့်သည်တွေ ကျောင်းပေါ်ရောက်သွားတဲ့အခါ ဆရာတော်ကြီးက ကိုရင်ကာဝိတို့ကို လှမ်းခေါ်တယ်။

"ကိုရင်တို့ ဧည့်သည်တွေအတွက်

အကြမ်းအိုး စီစဉ်ပေးပါဦးကွဲ့"

ကျောင်းထိုင်ဆရာတော်ကြီးရဲ့ မိန့်ကြားမှုကြောင့် ကိုရင်ကာဝိတို့ဟာ ဆွမ်းစားဆောင်ဘက် ထွက်ခဲ့ကြတယ်။

အကြမ်းရည်အိုး၊ ထန်းလျက်၊ ပဲလှော် အစရှိတဲ့ စားဖွယ်တွေကို ဘန်းထဲထည့်ပြီး ကျောင်းပေါ် ပြန်တက်ခဲ့တယ်။

ဧည့်သည်အမျိုးသမီးကြီးတွေရှေ့ ဘန်းချပြီးတဲ့အခါ ကိုရင်နှစ်ပါးဟာ ဒေါင့်တစ်နေရာမှာ ထိုင်လိုက်ကြတယ်။

ကိုရင်ကာဝိဟာ ဧည့်သည်အမျိုးသမီးကြီးတွေရဲ့



စကားကို နားထောင်ရင်း တစ်စုံတစ်ခုကို သတိရသွားမိတယ်။

ကိုရင်ကာဝိတစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ကိုရင်သောမကို အသာလက်တို့ရင်း အပြင်ထွက်ဖို့ အချက်ပြလိုက်တယ်။

ကျောင်းအောက်ရောက်တော့ –

"ဘာဖြစ်တာလဲကွ ... တော်ကြာ

ဆရာတော်ကြီး ခိုင်းစရာရှိရင်

အော်ခေါ်နေရဦးမယ်ကွ"

"ငါတို့ အိမ်ကိုခဏပြန်ကြရအောင်၊

အရေးကြီးတယ်ကွ"

ကိုရင်ကာဝိက ကျောင်းဝင်းအပြင်ကို မြေလှမ်းရင်း ပြောလိုက်တယ်။

"ဟင် ... မင်း အိမ်ပြန်မယ် ဟုတ်လား၊

ဖြစ်ပါ့မလားကွ၊

မင်း အဖေက ကိုရင်မထွက်မချင်း

www.burmeseclassic.com

www.burmeseclassic.com



ရှာထဲမလာရဘူး မှာထားတာကွ”

“ဖြစ်ပါတယ်၊ အဘမသိအောင်

တိတ်တိတ်လေးပြန်မယ်၊

ငါ့အတွက် အရေးကြီးတယ်ကွ”

“မင်း ဘာတွေ ဒီလောက်

အရေးကြီးနေတာလဲ၊

ငါ့ကို နားလည်အောင် ပြောစမ်းပါ”

ကိုရင်ကာဝိတို့ဟာ စကားပြောရင်း ကျောင်းအဖြင့်ဘက် ထန်းပင်တန်းတွေရှိရာ လျှောက်သွားကြတယ်။

“ငါတို့ ကိုရင်မဝတ်ခင်တုန်းက

သင်္ချိုင်းကုန်းသွားပြီး ကျောင်းအကာကြီးရဲ့

မြေပုံကို သွားတောင်းပန်တာ မှတ်မိလား”

“အေး ... သိတယ်လေကွာ၊

မင်း သူ့အသုဘချတဲ့နေ့က

အလောင်းစင်ကို လေးခွနဲ့ပစ်လို့



ပြန်တောင်းပန်ရတာပဲကွ၊

ဘာဖြစ်လို့တုံး”

“ဟုတ်တယ်ကွ၊ ငါလည်း ခုနက

ညှိသည်တွေဝတ်ထားတဲ့ ရွှေကိုမြင်မှ

ပြန်သတိရသွားတာ၊

အဲဒီည ... ငါတို့ သင်္ချိုင်းသွားတုန်းက

ကျောင်းဒကာကြီးရဲ့ အုတ်ဂူဘေးမှာ

ငါ ရွှေလက်ပတ်ကြိုးကြီးတစ်ခု

ကောက်ရခဲ့တယ်ကွ၊

ငါလည်း ကိုရင်ဝတ်ရမယ့်ကိစ္စတွေကြောင့်

အဲဒါကို မေ့နေခဲ့တာ၊

ဒါကြောင့် ... အခု အိမ်ပြန်ပြီး

ရှာမလို့ကွ”

ကိုရင်ကာဝိရဲ့အပြောကြောင့် ကိုရင်သောမတစ်ယောက် မျက်လုံးပြူးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ရွှေလက်ပတ်ကြိုးကြီး

ကောက်ရတယ် ဟုတ်လား၊

အစစ်ရော ဖြစ်နိုင်ပါ့မလားကွာ၊

ငါတော့ မယုံဘူး"

"ယုံတာ,မယုံတာ အရေးမကြီးဘူးကွ၊

ငါ အဲဒီညက ဝတ်တဲ့

ဘောင်းဘီအိတ်ထဲမှာရှိမယ်၊

လာ ... အမြန်သွားကြရအောင်"

ကိုရင်နှစ်ပါးဟာ စကားတပြောပြောနဲ့ ခပ်သုတ်သုတ် လျှောက်သွားကြတယ်။

သူတို့ပြောတဲ့စကားကို အရက်ပုန်းဆိုင်က ပြန်လာတဲ့ လူနှစ်ယောက်ဟာ ကြားသွားပြီး သူတို့နောက်က တိတ်တဆိတ် လိုက်ပါသွားကြတယ်။

ကိုရင်နှစ်ပါးကတော့ ဇောကပ်နေတဲ့အတွက် ဒါကို သတိမပြုမိဘူး။



ဦးဖိုးအောင်ရဲ့ ခြံဝိုင်းထဲရောက်တော့ အသာလေး အကဲခတ်ကြည့်လိုက်တယ်။

"အဘ အိမ်မှာမရှိဘူးကွ၊

လယ်ထဲ ရောက်နေပြီထင်တယ်။

ငါတို့ အိမ်ပေါ်တက်ရအောင်",

ကိုရင်ကာဝိ (မောင်ချစ်အောင်) က ပြောဆိုရင်း အိမ် ပေါ်တက်လိုက်တယ်။

ပြီးတော့ ...

သူ့အခန်းထဲဝင်ပြီး သင်္ကြန်သွားတဲ့ညက ဝတ်ခဲ့တဲ့ ဘောင်းဘီကို ရှာဖွေလိုက်တယ်။

ဒီအခါ ...

ဘောင်းဘီလေးကို သံသေတ္တာရဲ့ထောင့်မှာ လုံးထွေး လျက် တွေ့လိုက်ရတယ်။

ကိုရင်ကာဝိက စိတ်လှုပ်ရှားစွာနဲ့ ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီကွ ... ဒီမှာ တွေ့လား၊
ရွှေလက်ပတ်ကြိုးကြီးကွ"

ကိုရင်သောမက သူ့လက်က ရွှေကြိုးကို ကိုင်ဆကြည့်ရင်း ...

"အေးနော် ... အလေးကြီးပဲကွ၊
ဒါပေမဲ့ ... ရွှေစစ်,မစစ်
ဘယ်လိုသိနိုင်မလဲ"

လို့ မေးလိုက်တဲ့အခါ ...

"ငါကတော့ ဒါကြီးကို
ဆရာတော်ကြီးကို ပြကြည့်ချင်တယ်၊
ဆရာတော်ကြီးက တပည့်ဒကာပေါများတော့
ရွှေအကြောင်း နားလည်တဲ့သူလည်း
ပါမှာပဲကွ ... နော်"

"အေး ... ဟုတ်တယ်၊
မင်းပြောတာ မှန်တယ်ကွ၊



တို့တွေ ဆရာတော့်ကို ပြကြည့်ရမယ်"

ဒီနောက်မှာတော့ ကိုရင်နှစ်ပါးဟာ ရွှေလက်ပက်ကြိုးကြီးကို ယူပြီး နေအိမ်က ပြန်ထွက်ခဲ့ကြတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

ငေးတို့ ထန်းပင်တန်းဘက် ပြန်ရောက်တော့ အရက်သမားနှစ်ယောက်ဟာ အမူးလွန်နေတဲ့ဟန်နဲ့ သူတို့ရှေ့ ပိတ်ရပ်လိုက်တယ်။

"ဟင် ... ကိုကြီးသာလှနဲ့

ကိုကြီးသံလုံးတို့ပါလား၊



ဘယ်သွားကြမလို့လဲဗျ"

ကိုရင်ကာဝိ (မောင်ချစ်အောင်) က မေးလိုက်တဲ့အခါ သာလှက ရယ်ကျဲကျဲ အမူအရာနဲ့ –

"ဟဲ ဟဲ ဟဲ ... တို့နှစ်ယောက်မှာတော့

ပစ္စည်းလုယက်လို့ တစ်ယောက်ကို

တစ်ယောက် အထင်မှားပြီး

ရန်ပွဲတွေ ဖြစ်လိုက်ကြရတာ၊

လတ်စသတ်တော့ တို့ပစ္စည်းက

ကိုရင်ပေါက်စလေးတွေဆီ

ရောက်နေတာပဲကွ"

"ဘာပစ္စည်းလဲဗျ၊

ကျုပ်တို့ သူများဟာ

ဘာမှ ယူမထားဘူး၊

မူးနေရင်လည်း အိမ်ပြန်ပြီး

အိပ်နေပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သံလုံးက အရက်တစ်ပိုင်းကို မော့သောက်လိုက်ရင်း

“ဒီမယ် ကိုရင်တို့ ... ခုနက

ကိုရင်တို့ပြောတာ အားလုံးကြားပြီးပြီ၊

သချိုင်းမှာ ချစ်အောင် ကောက်ရခဲ့တဲ့

ရွှေလက်ပတ်ကြိုးကြီးက ...

ကျုပ်တို့ဟာပဲ၊

ဒါ့ကြောင့် ... ပြန်ပေးခဲ့ပါ”

လို့ ပြောလိုက်တဲ့အခါ ကိုရင်သောမ (မောင်သာထူး) က ...

“ပြောတဲ့အတိုင်း ယုံရမှာလားဗျ၊

ကျုပ်တို့ ကောက်ရထားတဲ့ ပစ္စည်း

မဆိုင်ဘဲနဲ့ လုံးဝမပေးနိုင်ဘူး”

လို့ ခပ်မာမာပြန်ပြောလိုက်တယ်။

ဒီအခါ ...

သာလုနဲ့သံလုံးဟာ ကိုရင်ကာဝိရဲ့လက်မှာ ဆုပ်ကိုင်



ထားတဲ့ ရွှေလက်ပတ်ကြိုးကြီးကို လုယူဖို့ ကြိုးစားကြတော့တယ်။

ကိုရင်နှစ်ပါးဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း အခြေအနေကို ရိပ်စားမိသွားတယ်။

ဒါ့ကြောင့် ...

အမူးသမားနှစ်ယောက်ရဲ့လက်က ရုန်းပြီး ကျောင်းဘက်ကို တစ်ရှိန်ထိုး ထွက်ပြေးကြတော့တယ်။

အမူးသမားနှစ်ယောက်လည်း ဓါးသတကြီးဟန်နဲ့ ၎င်းတို့နောက် ပြေးလိုက်ကြတယ်။

ကျောင်းဝင်းထဲ အသည်းအသန်ပြေးဝင်လာတဲ့ ကိုရင်တွေကြောင့် ကပ္ပိယကြီးနဲ့ ဦးပဥ္စင်းတွေ မျက်လုံးပြူးသွားကြတယ်။

ကိုရင်နှစ်ပါးက ကျောင်းပေါ် ပြေးလွှားတက်သွားသလို ကျောင်းဝင်းထဲ အရက်ပုလင်းကိုင်ပြီး လိုက်ဝင်လာတဲ့ အမူးသမားတွေကြောင့် ...

www.burmeseclassic.com



"ဟော့ ... ကျောင်းထဲ အရက်ပုလင်းနဲ့

မဝင်နဲ့၊

ရပ်လိုက်ကြစမ်း"

ကပ္ပိယကြီးက ထိုသို့တားဆီးရင်း ...

အမူးသမားနှစ်ယောက်ကို ဦးပဥ္စင်းတစ်ပါးနဲ့အတူ ဟန့်တားလိုက်တယ်။

ထိုအချိန် ...

ကိုရင်ကာဝိ (မောင်ချစ်အောင်) က ဆရာတော်ကြီးထံ အကြောင်းစုံ လျှောက်တင်လိုက်တယ်။

ဆရာတော်ကြီးက ကိုရင်နှစ်ပါးနဲ့အတူ ကျောင်းအောက်ကို ကြွမြန်းလိုက်တယ်။

အော်ကြီးဟစ်ကျယ်နဲ့ ပြောဆိုနေတဲ့ အမူးသမားနှစ်ယောက်ဟာ ဆရာတော်ကြီးကို မြင်တဲ့အခါ ငြိမ်သက်သွားကြတယ်။

"သံလုံးနဲ့သာလှ ... မင်းတို့တွေ



မူးရူးပြီး ငါ့ကျောင်းထဲ

ဝင်လာတယ်၊

ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ သူတစ်ပါးလက်ထဲက

ပစ္စည်းကိုလည်း လုယက်ယူငင်ကြတယ်၊

ငါ့ကို မှန်တဲ့အတိုင်း

လျှောက်တင်ကြစမ်း၊

လိမ်ညာပြောဖို့ ကြံစည်ရင်

ကြိမ်လုံးစာမိဖို့သာ ပြင်ကြတော့"

ဆရာတော်ကြီးရဲ့ မာန်မဲသံကြောင့် သာလှနဲ့သံလုံးတို့ ဆတ်ခနဲ တုန်သွားကြတယ်။

သူတို့ရွာမှာက ရပ်ရွာလူကြီးထက် ရွာဦးကျောင်းဆရာတော်ကို ကြောက်ရွံ့ရိုသေကြသည် မဟုတ်ပါလား။

သာလှက ကြောက်ရွံ့သံကြီးနဲ့ –

"မှန် ... မှန်လှပါ ဘုရား၊

တပည့်တော်တို့ မှန်တဲ့အတိုင်း လျှောက်ပြပါ့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဒကာကြီး သေဆုံးစဉ်က ...

အရိုးလေးစိန်ဟာ သူ့ယောက်ျားရဲ့လက်မှာ

ရွှေလက်ပတ်ကြိုးကြီး ထည့်ပေးလိုက်ပါတယ်၊

ဒါကို ... လိုချင်တဲ့စိတ်နဲ့

တပည့်တော်တို့ အလောင်းပြန်ဖော်ပြီး

ယူခဲ့မိပါတယ် ဘုရား၊

ဒါပေမဲ့ ... အဲဒီအချိန်မှာ

ချစ်အောင်နဲ့သာထူးက သချိုင်းထဲ

ဝင်လာကြပါတယ်၊

တပည့်တော်တို့က သူတို့ကို

သရဲထင်ပြီး ကြောက်လန့်ထွက်ပြေးခဲ့လို့

ရွှေလက်ပတ်ကြိုးကြီးဟာ ...

ကျောင်းဒကာကြီးရဲ့ မြေပုံနားမှာပဲ

ကျကျန်ရစ်ခဲ့ပါတယ် ဘုရား၊

တပည့်တော်တို့ ကိုယ့်မိုက်ပြစ်ကိုယ်



သိမြင်ပါပြီ ဘုရား၊

နောင် ... ဘယ်တော့မှ

သူများပစ္စည်း မခိုးယူတော့ပါဘူး

ဘုရား"

လို့ လျှောက်တင်လိုက်တယ်။

ဒီအခါမှာ ...

ဆရာတော်ကြီးက ဦးဖိုးအောင်နဲ့အရိုးစိန်ကို လူလွှတ်ခေါ်ခိုင်းလိုက်တယ်။

ဆရာတော်ကြီးရဲ့ခေါ်ယူမှုကြောင့် ...

အရိုးစိန်တို့ဟာ ထိတ်ထိတ်ပျာပျာနဲ့ လိုက်ပါလာခဲ့ကြတယ်။

၎င်းတို့ ရောက်လာတဲ့အခါ ...

ဆရာတော်ကြီးက ...

"ဒကာမကြီး ... ဟောဒီလက်ပတ်ကြိုးဟာ

ကွယ်လွန်သူ ဒကာကြီးဖိုးမှန်ရဲ့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှန်သလား”

လို့ မေးမြန်းလိုက်တယ်။

အရှီးစိန်က ရွှေလက်ပတ်ကြိုးကို ယူကြည့်ရင်း မျက်ရည်ရစ်ဝဲလာတယ်။

“မှန် … မှန်ပါတယ် ဘုရား၊

ဒါဟာ တပည့်တော်မကိုယ်တိုင်

ယောကျ်ားဖြစ်သူ မြတ်နိုးတဲ့ပစ္စည်းမို့လို့

အလောင်းမှာ ဝတ်ဆင်ပေးလိုက်တာပါ

ဘုရား”

လို့ လျှောက်တင်လိုက်တယ်။

ဆရာတော်ဘုရားက အားလုံးရဲ့မျက်နှာတွေကို ကြည့်ရင်း သက်ပြင်းချလိုက်တယ်။

“အိမ်း … ကျောင်းဒကာကြီးဖိုးမှန်ဟာ

ကောင်းမှုကုသိုလ်တွေ အများကြီးပြုခဲ့ပေမယ့်

ရွှေလက်ပတ်ကြိုးကြီးကို စွဲလမ်းစိတ်နဲ့



မကျွတ်မလွတ်နိုင်သေးဘဲ သူ့ပစ္စည်း

ယူထားတဲ့ ကိုရင်ကာဝိကို

အမျိုးမျိုး ခြောက်လှန့်ခဲ့ခြင်းပါပဲ၊

ဒကာမကြီးက သူစွဲလမ်းတဲ့ပစ္စည်းကို

အပါထည့်ပေးလိုက်ပေမယ့်

လောဘဇောကပ်တဲ့

သာလှတို့၊ သံလုံးတို့ကြောင့် …

သူ့ပစ္စည်းဟာ ပြင်ပကိုရောက်ခဲ့ရတယ်၊

ဒီတော့ …

ကျောင်းဒကာကြီးဖိုးမှန်ရဲ့ အလောင်းကို

ပြန်ဖော်ပြီး ရွှေလက်ပတ်ကြိုးကို

ပြန်ထည့်ပေးပါ၊

ကျောင်းကို လှူဒါန်းထားတဲ့

ကျောင်းဒကာကြီးရဲ့ ခုတင်ကြီးကိုလည်း

မီးရှို့ဖျက်ဆီးပစ်ရမယ်ကွဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးရင် ဒကာဖိုးမှန်အတွက်

ကောင်းမှုပြု ရေစက်ချ

တရားနာပေးရမယ်၊

ဒါမှ ... ကျောင်းဒကာကြီးဖိုးမှန်ဟာ

ကောင်းရာဘုံဘဝ ရောက်ရှိနိုင်လိမ့်မယ်"

ဆရာတော်ကြီးရဲ့ မိန့်ကြားရှင်းပြမှုကြောင့် ကျောင်းရှိလူအားလုံး နားလည်သဘောပေါက်သွားကြတော့တယ်။

ဦးဖိုးအောင်က လက်အုပ်ချီရင်း –

"တပည့်တော်ကို ခေါ်ရတဲ့အကြောင်းလည်း

သိချင်ပါတယ် ဘုရား"

လို့ မေးလိုက်တဲ့အခါ ဆရာတော်ကြီးက –

"ကိုရင်ကာဝိက သာသနာ့ဘောင်မှာ

မပျော်ပိုက်ပေဘူးဘဲ၊

ဒါ့ကြောင့် ...

လူဝတ်လဲခိုင်းစေချင်လို့ ခေါ်ရပေခြင်းပဲ"



ဆရာတော်ကြီးရဲ့မိန့်ကြားမှုကြောင့် ကိုရင်ကာဝိ (မောင်ချစ်အောင်) က –

"အစကတော့ ဟုတ်ပါတယ်

ဘုရား၊

ခုတော့ ... တပည့်တော်

ကိုရင်ဘဝ ပျော်ပိုက်နေပါပြီ၊

ကိုရင်တစ်ပါးရဲ့ ဝိနည်း၊

ကျင့်ဝတ်နဲ့အညီ ဆက်လက်ပြီး

နေထိုင်ခွင့်ပြုပါ ဘုရား"

လို့ပြောလိုက်တော့တယ်။

သားဖြစ်သူ ကိုရင်လေးရဲ့စကားကြောင့် ဦးဖိုးအောင်တစ်ယောက် ကျေနပ်ပီတိဖြာသွားတော့တယ်။

ဆရာတော်ကြီးကလည်း သာသနာ့ဘောင်မှာ ပျော်ပိုက်သွားတဲ့ ကိုရင်ငယ်လေးကို ကြည့်ရင်း သာဓုသုံးကြိမ် ခေါ်ဆိုလိုက်တယ်။

www.burmeseclassic.com



ဆရာတော်ကြီးရဲ့သာဓုခေါ်သံက ကိုရင်ကာဝိ (မောင်ချစ်အောင်) ရဲ့ရင်ထဲ အေးမြစွာ စီးဆင်းသွားတော့တယ်။

❒ ❒ ❒

"တဏှာခြောက်တဲ့ခုတင်"

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

BURMESE CLASSIC

www.burmeseclassic.com